မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၈၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း၊ သီလရှင်ကျောင်း နှစ်ကျောင်း ပဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃ တိုက်၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ ပဓာန နာယကဆရာတော်များ၊ ပင့်သံဃာတော်များ၊ သီလရှင်ကျောင်းနှစ်ကျောင်းမှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

စားပွဲ ကုလားထိုင်နှင့် အလုပ်လုပ်သူများသည် ခါးကို မတ်မတ်ထိုင်၍ အလုပ်လုပ်ဖို့ လိုအပ်သည်။ သို့မှသာ ရေရှည်တွင် ခါးနာခြင်း မရှိမည်ဖြစ်သည်။ ထို့အတူ ကွန်ပျူတာ၊ လက်နှိပ်စက် အသုံးပြုသူများသည်လည်း ခါးကိုမတ်မတ်ထား၍ ကွန်ပျူတာကို ရိုက်ရန် လိုအပ်ပါသည်။ လက်နှင့် စားပွဲအမြင့်လည်း ဟန်ချက်ညီရန်လိုပါသည်။ ကွန်ပျူတာ ဖန်သားပြင်ကိုလည်း ဦးခေါင်းမော့၍ ငုံ့၍ ကြည့်ရခြင်းကင်းရန်လိုပါသည်။ သို့မှသာ ခါးရိုး၊ ပခုံးနှင့် လည်ပင်းကို ထောက်ပံ့ထားသော ကြွက်သားများ ညောင်းညာခြင်း ကင်းဝေးမည်ဖြစ်။

ဒေါက်တာခင်သန်းဦး(ကျန်းမာပညာ)၏ ကြော့ရှင်းလှပ ကျန်းမာလိုကြပါလျှင် ဆောင်းပါး(စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

စပါးအထွက် အားတက်စရာ

ဆန်စပါးသည် မြန်မာနိုင်ငံတွင် အဓိက စားသုံးသီးနှံဖြစ်သကဲ့သို့ ပြည်ပပို့ကုန်တစ်မျိုးလည်း ဖြစ်သည်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေသည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါး စိုက်ဧက ၁၄ ဒသမ ၄သန်းစိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်း ၉၇၃ သန်း ထွက်ရှိခဲ့သည်။

၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး စိုက်ဧက ၁၅ ဒသမ ၄၁ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်း ၁၀၈၁ သန်း ထွက်ရှိခဲ့သည်။

နှစ်စဉ် မိုးစပါး စိုက်ဧက လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်သကဲ့သို့ မိုးစပါးအထွက် နှုန်းလည်း ပိုမိုထွက်ရှိခဲ့သည်။

၂၀၀၆-၂၀၀၇ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ မိုးစပါးစိုက်ဧက ၁၆ ဒသမ ၄၈ သန်းစိုက်ပျိုးရန် လျာထားပြီး စပါးတင်းသန်း ၁၁၀၀ ကျော် ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီတိုင်းတွင် ဧကတစ်သိန်း၊ ရန်ကုန်တိုင်းတွင် ဧက ၁၂ သိန်း တိုးချဲ့စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ၆၈ တင်းအထိ ရရှိရန်မျှော်မှန်းထားသည်။

ဧရာဝတီတိုင်းတွင် စပါးဖူလုံမှု ၂၉၀ ရာခိုင်နှုန်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် ၂၃၉ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းတွင် ၁၅၄ ရာခိုင်နှုန်းရှိသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး၊ ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားစေရေး အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ၊ ပိုးသတ်ဆေး ရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများရရှိရေး၊ စိုက်ပျိုးရေးနည်းပညာရရှိရေးများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်မှုဧက ၁၂သန်းကျော်သာရှိခဲ့ရာမှ ယခု အခါ ဧက၄၆သန်းကျော်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။ ၁၉၈၈ခုနှစ်က စပါးထွက်ရှိမှုမှာ တင်း၆၅၃သန်းသာရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး၊ နွေစပါး စုစုပေါင်းထွက်ရှိမှုမှာ တင်းသန်း ၁၃၆၀အထိ တိုးတက်ထွက်ရှိလာခဲ့သည်။ ၅၅သန်းကျော်သော မြန်မာပြည်သူတို့၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးအတွက် စပါးအထွက်မှာ အားတက်စရာပင်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တက်ရောက်ကြည့်ညို

နေပြည်တော် ဇူလိုင် ၁၆

ဧရာဝတီတိုင်း ပုသိမ်မြို့ (၅၄)ကြိမ်မြောက် မြို့လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက်၉နာရီခွဲက ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်ရင်ပြင်ရှိ ဦးမောင်ကြီးတန်ဆောင်း၌ ကျင်းပ သည်။

အခမ်းအနားသို့ တိုင်းသံဃ နာယကဥက္ကဋ္ဌ ဝေဠုဝန် ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၅ပါး ကြွရောက်တော်မူကြပြီး ဧရာ ဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီး အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန် တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ပရိသတ် များက ဝေဠုဝန်ကျောင်းတိုက် ဆရာ တော်ထံမှ ငါးပါးသီလ ခံယူဆောက် တည်၍ ဆရာတော်ကြီးများထံမှ ပရိတ် တရားတော်များ နာကြားကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီး များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** တိုင်းသံဃ နာယကဥက္ကဋ္ဌ (ရွှေကျင်) မောင်းထောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တမဟောသဓ ပဏ္ဍိတထံမှ အနုမောဒနာတရားနာကြား ကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

၁၇-၇-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Islands of Dhamma
၈:၅၀	၁၀။	ဘဒ္ဒန္တသြဘာသိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပုဏ္ဏမ ရာမဈေး ကျောင်းတိုက် ညောင်တုန်းမြို့ ဧရာဝတီတိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ် ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ ကျောက်တန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	အကပဒေသာ
၁၇:၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၁၇:၃၅	၈။	**"သတိတစ်ချက် တစ်သက် အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	မြန်မာ့အနုလက်ရာထင်ရှား ကြည်ညိုဖွယ်ရာ နီးဘုရား
၁၈:၅၀	၁၃။	**"စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်ပါတော့မယ်"** ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၉)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၁၁)
	၁၉။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

ပုသိမ်အသင်း(ရန်ကုန်)၏ ပဓာန နာယကဆရာတော် ၂၈ပါးအား ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြား တောရလမ်း အမှတ်(၂၁၊၄၃စီ) တည်ရှိ ရာ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပ မည်ဖြစ်သည်။

အလှူရှင်များ ပါဝင်လှူဒါန်းလိုပါ က ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန် လင်း ဖုန်း-၀၉၈၀-၂၃၃၀၇၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းအောင် လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးဘ အေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးမြင့်နိုင် ဖုန်း- ၀၉-၅၁၂၃၄၁၊ အတွင်းရေးမှူး ဦးကျော် ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးဝင်းဌေး ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဦးမောင်မောင်ထွေး ဖုန်း-၂၉၄၂၂၇ Ex၂၀၅၈၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း- ၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ ပုသိမ်အသင်း(ရန်ကုန်)ဖုန်း-၃၇၉၂၅၈ နှင့်အမှုဆောင်များထံဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၏ ဦးဆောင်မှု၊ အမှတ် ၁၀ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြစိန်၏ ကြီးကြပ်မှု တို့ဖြင့် ဇူလိုင် ၁၆ ရက်က ခြံစည်းရိုး ကြက်ဆူပင် တစ်အုပ်တစ်မ အပင် ၇၀၀၀ ကျော် စုပေါင်းစိုက်ပျိုးရာ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြကြောင်း သိရ သည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၇-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	မိုးလေဝသသတင်း
၆:၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၆၁)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	ကျန်းမာသုတ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"ဇနကဇွဲဖြင့် အောင်ပွဲဆီသို့ ရိုးခြံနေထိုင်ကြိုးစားသည်"**
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ ဇွတ္တိ"** (အပိုင်း-၁၄)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အားသုံးအားဖြင့် ဆောင်ရွက်ခဲ့၍ ကျေးရွာအများအပြား ဖွံ့ဖြိုးတိုးတက်လျက်ရှိ သမားရိုးကျ စပါးတစ်မျိုးတည်းစိုက်ပျိုးခြင်းအပြင် ဈေးကွက်ဝင် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုး အဖျက်အမှောင့်သမားများကို တိုက်ဖျက်ချေမှုန်းရာ၌ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲကူညီ

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတောင်ခြေရှိ တိပိဋက ဓမ္မပါလ မဟာဝိဟာရ ဝိနယဓမ္မာရုံ၌ ကျင်းပသော တိပိဋကစာသင်သား သံဃာတော်များ သီတင်းသုံးနေထိုင်ရန် ကမ္ဗောဇအိပ်ဆောင် ရေစက်ချပွဲနှင့် အိပ်ဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယာကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အိပ်ဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ဆောက်လုပ်ပြီးစီးသွားသည့် ကမ္ဗောဇ အိပ်ဆောင်အတွက် ကုန်ကျငွေကျပ် ၁၃၆ သိန်းကို အလှူရှင် ဦးတင်မောင်ညွန့်နှင့် ဇနီး ဒေါ်နွယ်နီညွန့်တို့က တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ လည်းကောင်း၊ အလှူရှင် ဦးလှဟန်နှင့် ဇနီး ဒေါ်အေးမြင့်မူ၊ သမီး မဝါဝါဟန်၊ သားမောင်ပြည့်ဟိန်းတို့က တိပိဋကစာသင်သားများအတွက် အိပ်ဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၀၀ နှင့် စာသင်သားသံဃာတော်များအတွက် ကွန်ပျူတာတစ်စုံတို့ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့သည် မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာန နာယက ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး၊ ဧည့်သည်များနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်း ကနီမြို့နယ် ကြက်ဆူ အထူးဇုန်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်ကြကာ ခြံစည်းရိုးကြက်ဆူပင်များကို ဦးဆောင်၍ စိုက်ပျိုးပေးကြသည်။

အဆိုပါအခမ်းအနားသို့ ကျေးရွာပြည်သူလူထုနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက် ပါဝင်စိုက်ပျိုးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မှန်ချိုကျေးရွာ စာကြည့်တိုက်အတွက် သုတ ရသမျိုးစုံ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဧက ၁၀၀၀ စိုက်ခင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူ အထူးဇုန် ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က စစ်ကိုင်းတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရာတွင် အထူးဇုန်ငါးခု သတ်မှတ်ဆောင်ရွက်နေမှု၊ အထူးဇုန်(၁) ကနီမြို့နယ်တွင် ဧက ၂၆၀၀၊ အထူးဇုန်(၂) ကလေးမြို့နယ်တွင် ဧက ၂၄၀၀၊ အထူးဇုန်(၃) စစ်ကိုင်းတွင် ဧက ၁၃၆၀၊ အထူးဇုန်(၄) ကသာမြို့နယ်တွင် ဧက ၁၀၀၀၊ အထူးဇုန်(၅) ရွှေဘိုမြို့နယ်တွင် ဧက ၁၀၀၀ အသီးသီးသတ်မှတ်၍ ဇီဝဒီဇယ်ဆီများ ထုတ်လုပ်ရေးအထောက်အကူများရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အကြံပြုတိုက်တွန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ရန်၊ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် အကြံပြုတိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် ကနီမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မည့် တိုင်းရင်းသားလုပ်ငန်းရှင် ဦးတင်ဝင်းပိုင် တင်ဝင်းထွန်းကုမ္ပဏီ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတွင် ကြက်ဆူစေ့များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် ကနီမြို့နယ် ယာကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကနီမြို့နယ် ယာကြီး၊ ရေယာဉ်၊ အောင်သပြေ၊ ရွာသစ်နှင့် ရေဖြူကျေးရွာတို့မှ ဒေသခံပြည်သူ ၃၅၀၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲက ထိထိရောက်ရောက် ဆောင်ရွက်ရန် လမ်းညွှန် မှာကြားထားကြောင်း၊ မိမိတို့အနေဖြင့် အားသုံးအားဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာအများအပြားသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး စံပြကျေးရွာများအဖြစ် သတ်မှတ်မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် ကဏ္ဍစုံ ဖွင့်လှစ်သင်ကြားပေးနေသော တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ပေးထားခြင်းကြောင့် လူငယ်များအတွက် ပညာသင်ကြားရန် အခွင့်အလမ်းများရရှိနေပြီဖြစ်ကြောင်း၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးသည် ပညာတတ်များများရှိမှ ဖြစ်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်တွင် ခေါင်းဆောင်နေရာသို့ ပခုံးပြောင်း တာဝန်ယူကြရမည်ဖြစ်ရာ ပညာရေးသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပြီဖြစ်၍ နိုင်ငံတော်က ပညာရေးကိစ္စများအတွက် ဘဏ္ဍာငွေကြေး များစွာကို သုံးစွဲပြီး ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ကျေးရွာတိုင်းတွင် ဘွဲ့ရကျောင်းသားမရှိသည့် ရွာဟူ၍ မရှိတော့ကြောင်း၊ ယခင်ကထက် ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုများ များပြားလျက်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဒေသတစ်ခုနှင့် တစ်ခု၊ ပြည်နယ်နှင့်ပြည်မ ကွာဟမှုနည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးမှုမျှတအောင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန် မှာကြား ဆောင်ရွက်ပေးနေကြောင်း၊ မိမိသည် ကျေးရွာများအထိ ကွင်းဆင်းလာရောက်၍ ကျေးလက်နေပြည်သူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများပေးရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်အတွက် အပင်ပန်းခံကာ လာရောက်ခြင်းဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ယခုအခါ နိုင်ငံတော်က တိုးချဲ့တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံများကြောင့် ကျေးလက်နေ ပြည်သူများ စိုက်ရေး၊ ပျိုးရေးနှင့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးအတွက် များစွာအထောက်အကူရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေကြောင်းကို သိရသဖြင့် ဝမ်းသာအားရဖြစ်မိ

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရတနာရေနှင့် အညာမြေ

ရေတစ်စက်အတွက်
အနေခက်ခဲ့ ဒို့အညာ။
ရွှေမိုးရယ်ရွာပါမှ
ငွေမိုးရယ်ရွာပါမှ
ပျိုးခင်းသာ ဖြာလို့လန်းမှာမို့
တမ်းတရရှာ။
ခုများဖြင့် ဒို့အညာ
လာစေချင့် အကြေသား။
ရွှေမိုးမမျှော်ပေဘု
ငွေမိုးမမျှော်ပေဘု
စီးတဲ့ရေ ဆည်တဲ့ကန်သင်းရယ်နဲ့
အင်းအိုင်မှာ ရေကိုလှောင်လို့
တောင်ခြေမှာ ဆည်တာဖို့ကာပ
မူး၊ ရော၊ သလ္လာတစ်ဝန်းမှာလဲ
ကမ်းတစ်ခွင် ရေတင်စက်တွေနဲ့
မြေအောက်ရေ တစ်ဖန်ဆက်ပြန်တော့
ထက်မြန်ပြည် ဇေယျာတစ်ရှိုးမှာဖြင့်
ဘဝင်ညံ့စီ ရေဇလာတန်ခိုးရယ်ကြောင့်
ခုတော့ကွယ်
တိုးလို့စည်ကား။ ။

ရန်ကြီးအောင်

(စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်ဖြူတိုင် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားနှင့် စစ်ကိုင်းတိုင်းအတွင်း ရေရရှိရေး စီမံကိန်းများကို ဂုဏ်ပြုလျက်-)

မြန်မာ့အလင်း
နိုင်ငံခြားသတင်းများ

တောင်တရုတ်ပင်လယ်၌ ဓာတ်ငွေ့သိုက်ကြီးတွေ့ရှိ

ပေကျင်း ဇူလိုင် ၁၆

တောင်တရုတ်ပင်လယ် မြောက်ပိုင်း၌ ၁၀၀ဘီလီယံကုဗမီတာ ရှိသည့် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု ရှာဖွေတွေ့ရှိကြောင်း တရုတ်မြေအရင်းအမြစ်ဝန်ကြီးဌာနက ဇူလိုင် ၁၃ရက်၌ ပြောကြားသည်။

ယင်း သဘာဝဓာတ်ငွေ့သိုက်သည် ဟောင်ကောင်မှ ကီလိုမီတာ ၂၅၀အကွာ ဇူကျန်းကုချိုင့်ဝှမ်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ကြေညာသည်။

ပြသနေ

၎င်း သဘာဝဓာတ်ငွေ့သိုက်ကြီးသည် မီတာ၁၀၀၀အနက် တူးပြီးနောက် ပထမဆုံး အလားအလာများကို တွေ့ရကြောင်း၊ တောင်တရုတ်ပင်လယ်၏ ရေပြာပြာသည် ရေနံနှင့် ဓာတ်ငွေ့သိုက် အလားအလာများကို ပြသနေကြောင်း ၎င်းဝန်ကြီးဌာနက ဆိုသည်။

ဆောင်ရွက်

တရုတ်နိုင်ငံသည် ၂၀၀၄ခုနှစ်က တောင်တရုတ်ပင်လယ် မြောက်ပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရန် မဟာဗျူဟာတစ်ရပ်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆင်ရိုင်းများသောင်းကျန်းမှုကြောင့် ဇမ်ဘီယာ၌ လူနှစ်ဦးသေဆုံး

လူဆာကာ ဇူလိုင် ၁၆

ဇမ်ဘီယာနိုင်ငံ အရှေ့ပိုင်းပြည်နယ်ရှိ မမ်ဘွေခရိုင်တွင် လှည့်လည်သောင်းကျန်းလျက်ရှိသော ဆင်များကြောင့် လူနှစ်ဦးသေဆုံးသွားကြောင်း ဇမ်ဘီယာ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ အာဏာပိုင်အဖွဲ့မှ အရာရှိတစ်ဦးက ဇူလိုင် ၁၄ရက်တွင် ပြောကြားသည်။

စေလွှတ်

သေဆုံးသူနှစ်ဦးမှာ ၎င်းတို့၏ လယ်ကွင်းသို့ သွားခဲ့ကြရာမှ ယခုကဲ့သို့ ကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ ဆင်များကို ရှာဖွေနိုင်ရန်အတွက် အဆိုပါဒေသသို့ ထောက်လှမ်းစုံစမ်းရေးအဖွဲ့ကို စေလွှတ်ထားကြောင်း အာဏာပိုင်အဖွဲ့မှ လူထုဆက်ဆံရေးမန်နေဂျာ မော်ရင်းအမ်ဝါပီက ပြောကြားသည်။

မမ်ဘွေခရိုင်တွင် ဆင်များလှည့်လည် ကျက်စားနေသဖြင့် ဒေသခံများမှာ စိုးရိမ်ပူပန်စိတ် များနေကြကြောင်း၊ ဇမ်ဘီယာနိုင်ငံကဲ့သို့ အာဖရိကနိုင်ငံများတွင် လူ၊ ကောက်ပဲသီးနှံနှင့် အိမ်များကို ဖျက်ဆီးတိုက်ခိုက်လျက်ရှိသည့် ဆင်များ များပြားစွာရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

တောင်းဆို

ဒေသခံပြည်သူများသည် အစိုးရအာဏာပိုင်များအား ဆင်အရေအတွက်ကို လျှော့ချပေးရန်နှင့် ယခုကဲ့သို့ လူများကို တိုက်ခိုက်ကာ ၎င်းတို့၏ ကောက်ပဲသီးနှံများနှင့် အိမ်များကို ဖျက်ဆီးကြသည့် ဆင်များအား သတ်ပစ်ရန် တောင်းဆိုလျက်ရှိကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်၌မုန်တိုင်းတိုက်ခတ် သေဆုံးသူ ၁၄ ဦးအထိရှိလာ

မနီလာ ဇူလိုင် ၁၆

လွန်ခဲ့သောသုံးရက်က ဖိလစ်ပိုင်နိုင်ငံ လူဇုန်ဒေသ၌တိုက်ခတ်ခဲ့သော ဘီလစ်အမည်ရှိမုန်တိုင်းကြောင့် အနည်းဆုံးလူ ၁၄ ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင်၁၄ရက်၌ ပြောကြားသည်။

ရင်ဆိုင်

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူပေါင်း ၅၁၆၈၀ ရေကြီးမှုအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ညှိနှိုင်းရေးကောင်စီက ပြောကြားသည်။

၎င်းမုန်တိုင်းသည် ဘတ်စကို အနောက်မြောက်ပိုင်းမှ ကီလိုမီတာ ၅၂၀ အကွာကို ဗဟိုပြုလျက် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းဖြင့် မြောက်ဘက်သို့ ရွေ့လျားနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်သဖြင့် ရေကြီးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အေစာလုံးပုံစံစက်ဘီး

အေစာလုံးပုံစံတီထွင်ထားသော လူစီး စက်ဘီးလေးတစ်စီးကို တွေ့ရစဉ်။
(ဝဲပုံ)

အဆိုပါစက်ဘီးကို ဗြိတိန်နိုင်ငံသား ချာစီလစ်ဆင်ကလဲယားက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ရောင်းချရန်အတွက် အင်တာနက်ပေါ်တွင် ကြော်ငြာထားသည်။ ၎င်းစက်ဘီးသည် သေးငယ်သော ဘီးနှစ်ဘီးပါရှိပြီး အင်္ဂလိပ်စာလုံး **"အေ"** ပုံစံနှင့်တူသည်။ အလွယ်တကူခေါက်ကာ သိမ်းဆည်းသွားနိုင်ပြီး လိုအပ်သည့်နေရာနှင့် အချိန်တို့တွင် ပြန်ဖွင့်ပြီးစီးနိုင်သည်။ ခေါက်ပြီး သိမ်းဆည်းထားသောစက်ဘီးကို ပြန်ဖွင့်စီးရန် အချိန် ၁၀စက္ကန့်သာကြာကြောင်း သိရသည်။ **(အင်တာနက်)**

ကြီးမားသော ကျောက်ပုစွန်

ကြီးလွန်းသော ကျောက်ပုစွန်ကြီးတစ်ကောင် ဖမ်းမိထားသည်ကို ပြသနေစဉ်။
(ယာပုံ)

အဆိုပါ ကျောက်ပုစွန်ကြီးကို မက္ကဆီကိုကမ်းလွန်ဒေသ ပင်လယ်အော်အတွင်း ဖမ်းဆီးရမိခြင်းဖြစ်ပြီး ယနေ့အထိ ဖမ်းမိရသမျှ ကျောက်ပုစွန်များတွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နီပေါနိုင်ငံသားများ ငါးနှင့်အသားပိုမိုစားသုံး

ခတ္တမန္ဒူ ဇူလိုင် ၁၆

နီပေါနိုင်ငံသားများသည် ငါးနှင့်အသားကို ပိုမိုစားသုံးကြပြီး စီးကရက်သောက်မှုနည်းပါးကာ တစ်ဦးချင်းအလိုက် အရက်သေစာသောက်သုံးမှုနှုန်းမှာလည်း ကျဆင်းသွားခဲ့ကြောင်း စီးပွားရေးဆိုင်ရာ လေ့လာချက် (အီးစီ) တစ်ရပ်ကို ဇူလိုင် ၁၂ရက်က ထုတ်ပြန်သည်။

စုစုပေါင်း အသားစားသုံးမှုသည် ၂ ဒသမ ၉၅ ရာခိုင်နှုန်းမှ ၂၆၄၈၅၀ တန်အထိမြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့တစ်ဝန်းစားသုံးမှုနှုန်း၏ လေးပုံတစ်ပုံရှိကြောင်း ကုန်သွယ်ရေး ဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်သည့် ဘဏ္ဍာရေးနှစ် (၂၀၀၅ ဇူလိုင် ၁၆မှ ၂၀၀၆ ဇူလိုင် ၁၅) အီးစီတွင် ဖော်ပြပါရှိသည်။

ကျဆင်း

မည်သို့ပင်ဖြစ်စေ ပျမ်းမျှ အရက်သောက်သုံးမှုကမူ လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ၃၅၃ ဒသမ ၆ မီလီမီတာမှ ၃၄၉ ဒသမ ၅ မီလီမီတာ အထိကျဆင်းသွားခဲ့ကြောင်း၊ ယင်း အရက်သောက်သုံးမှုဆိုင်ရာ ကိန်းဂဏန်းသည် ပျမ်းမျှ ကမ္ဘာ့တစ်ဝန်း သောက်သုံးမှု၏ ၈ရာခိုင်နှုန်းသာရှိကြောင်း အီးစီကဖော်ပြသည်။

ဖော်ပြပါရှိ

စုစုပေါင်း စီးကရက်ထုတ်လုပ်မှုသည် စီးကရက်အလိပ်ပေါင်း ၉၄၉၃ သန်းရှိပြီး လွန်ခဲ့သည့်ဘဏ္ဍာရေးနှစ်ကထက် ၀ ဒသမ ၈ ရာခိုင်နှုန်းများပြားခဲ့ကြောင်း၊ ကောက်ပဲသီးနှံ အစားအစာထုတ်လုပ်မှုကမူ အဓိကအားဖြင့် ဆိုးရွားသည့် မွန်ဆွန်းမုန်တိုင်းဒဏ်ကြောင့် လွန်ခဲ့သည့်နှစ်က တစ်ဦးချင်းအလိုက် ထုတ်လုပ်မှု ၃၀၄ ကီလို ရှိခဲ့ရာမှ ၂၉၆ ဒသမ ၁ ကီလိုအထိကျ ဆင်းသွားခဲ့ကြောင်း လေ့လာချက်ကိန်း ဂဏန်းများတွင် ဖော်ပြပါရှိသည်။

ယင်းကဲ့သို့ပင် နိုင်ငံအတွင်း ကောက်ပဲသီးနှံ အစားအစာထုတ်လုပ်မှု စုစုပေါင်းသည် ၇ဒသမ ၆၅ သန်းတန်ရှိခဲ့ရာ ယင်းမှာလွန်ခဲ့သည့် နှစ်က ထုတ်လုပ်မှုထက် ၁ဒသမ ၄၃ ရာခိုင်နှုန်းနည်းပါးခဲ့ကြောင်း၊ မည်သို့ပင်ဖြစ်စေ စီးပွားရေးဆိုင်ရာ ကောက်ပဲသီးနှံများကမူ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ဒသမ ၆သန်းတန်အထိ တိုးတက်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ အီရတ်တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ရှိ စစ်ဆေးရေးဂိတ်အနီးတွင် အမည်မသိသေနတ်သမားများနှင့် တိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးခဲ့သည်ဟု သက်ဆိုင်ရာသတင်းများအရ သိရသည်။

ကယ်ကွတ်မြို့ တောင်ဘက်ရှိ အီရတ်စစ်ဘက် စစ်ဆေးရေးဂိတ်အား သေနတ်သမားများက ဇူလိုင် ၁၄ရက် မွန်းလွဲပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရတ်တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးပြီး အနည်းဆုံးတစ်ဦးဒဏ်ရာ ရရှိသွားခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟော်ဂနီသစ်ပင်အား စိုက်ပျိုးပေးပြီး ဤသို့ ရေလောင်းပေးခဲ့သည်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

ခုတ်ထွင်ရှင်းလင်းခြင်းများ၊ခြင်များခိုအောင်းတတ်သည့်နေရာ များတွင် ခြင်ဆေးများ ဖျန်းပေးခြင်း၊ ရာနှုန်းပြည့် ယင်လုံအိမ်သာများ တည်ဆောက် သုံးစွဲစေခြင်းတို့သည်လည်း ကျန်းမာရေးအတွက် အဓိကအရေးကြီးသော အချက်ပင်ဖြစ်သည်။

ပေးအပ်ပွဲ

ဤသို့ လူနေမှုဘဝ အဆင့်မြင့်မားရေးနှင့် ကျန်းမာသန့်ရှင်းသော လုပ်ငန်းများကို ဆောင်ရွက်နေသည့် မြင်ကွင်းတစ်ရပ်ကို တောင်ဥက္ကလာပ မြို့နယ်၌ တွေ့မြင်ခဲ့ရသည်။ ထိုမြင်ကွင်းကို မဆောင်ရွက်မီ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ကျန်းမာရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ပေါက်ပြား၊ ဂေါ်ပြား၊ အမှိုက်ပုံးနှင့် တံမြက်စည်းအစရှိသည်တို့ ပေးအပ်ပွဲကို တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။

ပေးအပ်ခဲ့

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကာ ကျန်းမာရေး လုပ်ငန်းသုံး ပစ္စည်းများ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များသို့ ရပ်ကွက်အလိုက် ပေးအပ်ခဲ့သည်။ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၃) ရပ်ကွက်သို့ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အမှိုက်ပုံး၆၅လုံး၊ ပေါက်ပြား၆၅လက်၊ ဂေါ်ပြား၆၅လက်၊ တံမြက်စည်း၆၅ ချောင်းနှင့် အိမ်သာခွက် အလုံး ၅၀ ပေးအပ်ခဲ့ကြောင်း တွေ့ရသည်။

ထိုမှဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မြို့နယ်အတွင်း နေထိုင်ကြသော ရပ်ကွက်သူရပ်ကွက်သားများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ တပျော်တပါးပါဝင်ကာ သစ်ပင်ပျိုးပင်များ ပေးအပ်ခြင်း၊ စိုက်ပျိုးခြင်းများ ဆောင်ရွက်နေသည့် မြင်ကွင်းပသာဒကိုလည်း တွေ့ရသည်။

တပျော်တပါး

ထိုအတောအတွင်း အိုးစည် ဒိုးပတ် အဖွဲ့ကလည်း အတီးအမှုတ်အက အခုန်များဖြင့် ဖျော်ဖြေရာ စုစည်းညီညွတ်စွာဖြင့် တပျော်တပါး သစ်ပင်စိုက်ပျိုးခြင်းကို ပွဲ့ပိုးဖြည့်ဆည်းပေးကြသည်။

ထိုတောင်ဥက္ကလာပမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ကံ့ကော်၊ အင်ကြင်း၊ မဟော်ဂနီအစရှိသော အရိပ်ရပင် ၃၀၀၀နှင့် ပန်းအလှပင် ၇၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းခွင်

တစ်ဖန် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် သုမင်္ဂလာလမ်းမကြီး တစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေသော လုပ်ငန်းခွင်ကိုလည်း ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားကြသည်။

သန့်ရှင်းသာယာလှပ

ဤသို့ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ ရေစီးရေလာကောင်းအောင် အမြဲမပြတ်ဆောင်ရွက်ခြင်း၊ ရာနှုန်းပြည့် ယင်လုံအိမ်သာများ တည်ဆောက်အသုံးပြုခြင်း၊အမှိုက်သရိုက်များစနစ်တကျစွန့်ပစ်ခြင်းလုပ်ငန်းများကို မြို့နယ်တိုင်း၊ မြို့နယ်တိုင်းက ဆောင်ရွက်လုပ်ကိုင်သွားခြင်းဖြင့် လူနေမှု အဆင့်အတန်းမြင့်မားပြီးသန့်ရှင်းသာယာလှပသော ဥယျာဉ်ဝန်းကျင်အဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တောင်ဥက္ကလာပမြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှု အခမ်းအနားကို ပဒေသာ အားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးအတွက် သစ်ပင် စိုက်ပျိုးပြီး ဤသို့ ရေလောင်းပေးခဲ့သည်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

သတင်းမြင်ကွင်း–မြင့်မောင်စိုး
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဤသို့ ဆောင်ရွက်ကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာ

ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်မှ ပြန်လည်ဆင်းသက်လာနေပြီဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက် တနင်္လာနေ့တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိရန် စီစဉ်ထားကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြန်လိုက်ပါလာကြ

ဂျာမန်အာကာသယာဉ်မှူး သောမတ်ရီတာသည် နိုင်ငံတကာအာကာသစခန်းယာဉ်၌ ခြောက်လတာ နေထိုင်ရန် ကျန်ရှိနေခဲ့ပြီး အာကာသယာဉ်မှူးခြောက်ဦး ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

အာကာသယာဉ်မှူးများသည် အဆိုပါ နိုင်ငံတကာ အာကာသစခန်းယာဉ်မှ မထွက်ခွာမီ လွန်းပြန်ယာဉ် ထိခိုက်ပျက်စီးမှုမရှိစေရန် လွန်းပြန်ယာဉ်၏ အပူခံပြားများကို နောက်ဆုံးစစ်ဆေးပြီးမှ ပြန်လည်ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။

အပူခံပြားကွာကျ

ယာပုံမှာ ဒစ္စကာဗာရီလွန်းပြန်ယာဉ် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ မထွက်ခွာမီ ထိပ်ပိုင်း၌ အပူခံပြားများ ကွာကျနေသည့် မြင်ကွင်းဖြစ်သည်။

ယခုအထိ နာဆာမှ အင်ဂျင်နီယာများက လွန်းပြန်ယာဉ်၏ အပူခံပြားများနှင့်ပတ်သက်ပြီး မည်သည့်ပြဿနာ အကြောင်းတစ်စုံတစ်ရာမျှ သတင်းထုတ်ပြန်ခဲ့ခြင်း မရှိပေ။

လွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ ထွက်ခွာလာရာ ၄၆ မိုင်အကွာတွင် ရောက်ရှိနေပြီဟုဆိုသည်။ ယင်းသည် တနင်္လာနေ့ (ဇူလိုင် ၁၇ ရက်)တွင် ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်ရှိ ကနေဒီ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ခဲ့

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ဇူလိုင် ၄ ရက်က ကမ္ဘာမြေပြင်မှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အမြွှာပူးမွေးဖွားသော ကလေးငယ်များ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း လျော့နည်း

သာမန်တစ်ဦးချင်း မွေးဖွားလာသူများထက် အမြွှာပူးမွေးဖွားလာသော ကလေးငယ်များသည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း နည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ရာခိုင်နှုန်းနည်းပါး

ကင်ဆာရောဂါဖြစ်ပွားသည့် ကလေးငယ်များအား စစ်ဆေး သုတေသနပြုခဲ့ရာတွင် အမြွှာပူးမွေးဖွားလာသော ကလေးငယ်များတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀ရာခိုင်နှုန်းမက နည်းပါးကြောင်း လန်ဒန်ရှိ ကင်ဆာရောဂါဆိုင်ရာ သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

သုတေသနပြုအဖြေထုတ်

ယခုနှုန်းထားမှာ ကမ္ဘာ့နိုင်ငံများမှ ရရှိသောစာရင်းဇယားများအရ ဖော်ပြထားခြင်းဖြစ်သော်လည်း ယခုအခါ ၎င်းနှုန်းထားထက်များစွာ လျော့နည်းကျဆင်းလျက်ရှိနေပြီဟု ဆိုသည်။ လန်ဒန်ရှိ သုတေသနပညာရှင်များအနေဖြင့်



၁၉၆၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း အမြွှာပူးကလေးငယ် ၁၃၀၀၀ ကို လေ့လာသုတေသနပြုခဲ့ရာမှ အထက်ပါအတိုင်း အဖြေထုတ်ခဲ့ခြင်း ဖြစ်သည်။

ပြောပဖွယ်မရှိ

ကလေးငယ်များ၏ ကင်ဆာရောဂါဖြစ်ပွားမှု ၁၅ ခု၌ အမြွှာမွေးဖွားလာသော ကလေးငယ်များတွင် မဆိုသလောက်သာ ကင်ဆာရောဂါဖြစ်ပွားတတ်လေ့ရှိပြီး ကင်ဆာရောဂါ ဖြစ်နိုင်မှုရာခိုင်နှုန်းနည်းကြောင်း၊ ထိုအရေအတွက်ဆိုလျှင် ကမ္ဘာ့လူဦးရေနှင့် ချိန်ထိုးလျှင် ပြောပဖွယ်မရှိကြောင်း သိရသည်။

ဖြစ်ပွားမှုအနည်းဆုံး

သုတေသနပညာရှင်များ လက်တွေ့ စမ်းသပ်မှုတစ်ခုအဖြစ် ရိုးရိုးသာမန် မွေးဖွားသော ကလေး ၅၀၀၀ နှင့် အမြွှာပူးမွေးဖွားသော ကလေးငယ် ၅၀၀၀ ကို သီးခြားစီထားပြီး လေ့လာခဲ့ရာ ကင်ဆာရောဂါဖြစ်ပွားမှုတွင် အမြွှာပူးမွေးဖွားခဲ့သော ကလေးငယ်များ၌ ကင်ဆာရောဂါဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ထိုသို့သော ထူးခြားကွာခြားမှု မည်သို့ဖြစ်ရသည်ကို သုတေသနပြုမှု ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာမိုက်မူရာဖီက ပြောကြားသည်။

(ကိုးကား–အင်တာနက်)

မင်ခြစ်လက်ရာဆန်းဆန်းများကို တွေ့မြင်ခံစားနိုင်သည့်ပန်းချီပြပွဲ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာ့ပန်းချီလောကသည် ရှင်သန်လန်းဆန်းလာလျက်ရှိရာ ပန်းချီအနုပညာကို ချစ်မြတ်နိုးသော တန်ဖိုးထားသောပြည်သူများလည်း တစ်နေ့တခြား တိုးပွားလာလျက်ရှိသကဲ့သို့ ပန်းချီပညာရှင်များ၏ အပတ်တကုတ် ကြိုးစားအားထုတ်မှုများကြောင့် ပန်းချီပြပွဲများလည်း နေရာအနှံ့တွင် မပြတ်တမ်း ကျင်းပလာနိုင်သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပေပြီ။

ဆန်းသစ်

ထိုသို့ ပန်းချီပြပွဲများ အဆက်မပြတ် ပြုလုပ်ကျင်းပရာတွင် ပန်းချီရေးဆွဲ ဟန်အမျိုးမျိုး၊ စိတ်ကူးအတွေးအခေါ် အစုံအလင်ကို ပြပွဲတစ်ခုနှင့်တစ်ခု မတူအောင် ရေးဆွဲတင်ပြနိုင်ကြသဖြင့် မြန်မာ့ပန်းချီပြပွဲတိုင်းသည် ဆန်းသစ်လျက်ရှိသည်။

မင်ခြစ်လက်ရာ အသော့ဖြင့် ရေးဆွဲထားသော "အိုးလုပ်သမား" ပန်းချီကားမှာလည်း တစ်မျိုးတစ်ဘာသာ။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ထိုသို့သော ရေးဆွဲအားကောင်းကောင်း၊ ဖန်တီးမှု အမြင်ဆန်းဆန်းဖြင့် တင်ပြခြယ်မှုန်းထားသည့် ပန်းချီလှမြင့်ဆွေ၏ ပန်းချီပြပွဲကျင်းပရာ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဂရင်းမီးရထားဟိုတယ် ပထမထပ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ထူးခြားသောရေးဟန်

ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် ပန်းချီလှမြင့်ဆွေ၏ ပန်းချီပြပွဲခန်းမအတွင်း ဝင်လိုက်သည်နှင့် ထူးခြားသော ရေးဟန်များဖြင့် စနစ်တကျ ခြယ်မှုန်းထားသော ပန်းချီကားများကို တွေ့ရသည်။ ရေးဆွဲပုံဆန်းကြယ် လွန်းလှသည်ဖြစ်ရာ ဆရာပန်းချီလှမြင့်ဆွေက "ဒီမှာ ပြသထားတဲ့ ပန်းချီကားတွေအားလုံး မင်ခြစ်လက်ရာတွေချည်းပဲ။ ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တဲ့ ပန်းချီရေးဆွဲတာကို အချိန်ရတိုင်း ရေးခဲ့တာပါ။ ပန်းချီမရေးတဲ့နေ့မရှိဘူး။ တစ်နေ့ကို မင်ခြစ် တစ်ခြစ်နှစ်ခြစ်လောက်တော့ ရေးမိတာပဲ။ အခုပန်းချီပြပွဲက ကျွန်တော့်ရဲ့ ပထမဆုံး ပန်းချီပြပွဲပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ပုံစံတည်း

ပန်းချီလှမြင့်ဆွေ၏ ရေးဆွဲမှုများအားလုံးသည် မင်ခြစ်ရေးဆွဲနည်းဖြင့် ရေးဆွဲထားသည်ဖြစ်ရာ လူရုပ်ပုံ၊ ခန္ဓာဗေဒပုံများကို ပန်းချီစက္ကူအရွယ်အစား ဆိုဒ်တစ်ပုံစံတည်းပေါ်တွင် ရေးဆွဲထားခြင်းဖြစ်သည်။ ပန်းချီလှမြင့်ဆွေသည် ၁၉၈၂ ခုနှစ်မှစတင်ကာ ဝတ္ထုသရုပ်ဖော်ပုံများ၊ လုံးချင်းဝတ္ထုမျက်နှာဖုံးပုံများကို ရေးဆွဲခဲ့သူဖြစ်သလို လက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင်လည်း တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အပိုအလိုမရှိ

ပန်းချီပြခန်းအတွင်းရှိ ပန်းချီကားများအနက် **"ရဝမ်အမျိုးသားကြီး"** အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ မြစ်ကြီးနားမြို့တွင် ကျင်းပသည့် မနောပွဲတစ်ခု၌ တွေ့ရသော ရဝမ်အမျိုးသားကြီးတစ်ဦး၏ ကိုယ်တစ်ပိုင်းပုံဖြစ်သည်။ အသက်ကြီးရင့်နေသော ရဝမ်အမျိုးသားကြီး၏ လက်ချောင်းများနှင့် မျက်နှာတို့ပေါ်မှ အရေးကြောင်းများကို မင်ခြစ်ရေးဆွဲနည်းဖြင့် အနုစိတ်တင်ပြထားခြင်းဖြစ်သည်။ အဝါရောင်ဖျော့ဖျော့ကို ခပ်ပါးပါး အလိုက်သင့် မွှောထည့်ထားရာ ရုပ်ပုံမှာ အသက်ပါလှသည်။ မင်ခြစ်ရေးဆွဲမှုမှာလည်း အပိုအလိုမရှိ ကွက်တိဖြစ်နေသည်။

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပေါ်လွင်

နောက်ပန်းချီကားတစ်ချပ်မှာ **"ကယားအမျိုးသမီးကြီး"**ဟု အမည်ပေးထားသည့် ပန်းချီကားဖြစ်သည်။ ကယားပြည်နယ်ဘက် ခရီးထွက်ရင်း လမ်းခရီး၌ မြင်တွေ့ရသည့် တောင်းအတွင်း ထင်းများထည့်ကာ သယ်ပိုးလာသော ကယားအမျိုးသမီးကြီးတစ်ဦး၏ပုံဖြစ်သည်။ ကယား အမျိုးသမီးကြီး၏ နဖူးအရေးကြောင်းများ၊ သယ်ပိုးလာသော ထင်းချောင်းများ၏ ဒေါင်လိုက် မင်ခြစ်ကြောင်းများ ပီပီပြင်ပြင် ဖော်ကျူးထားပြီး မျက်နှာပြင်ပေါ် အလင်းရောင်ကျနေမှုကို မင်ခြစ်ရာ ခပ်ပါးပါးရုပ်ပြီး အသော့ဆွဲထားရာ ရုပ်ပုံမှာ ပေါ်လွင်လျက်ရှိသည်။ ရိုးရာအင်္ကျီကိုလည်း အသေးစိတ် ရေးဆွဲပြထားသည်မှာလည်း မချီးမွမ်းဘဲမနေနိုင်အောင် ဖြစ်ရသည်။

"ပန်းချီကို ငယ် ငယ် လေးကတည်းက ဝါသနာပါတယ်။ နေ့တိုင်း ပန်းချီရေးဖြစ်တယ်။ အထူးသဖြင့် မင်ခြစ် ရေးဆွဲမှုကို ပိုပြီး စိတ်ဝင်စားတယ်။"

ပန်းချီလှမြင့်ဆွေ

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကယား အမျိုးသမီးကြီး

မျက်နှာပေါ် အလင်းရောင်ကျမှုကို ပီပြင်စွာဖော်ပြထားနိုင်သည့် "ကယားအမျိုးသမီးကြီး" အမည်ရှိ ပန်းချီကား။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြောင်မြောက်

မင်ခြစ်လက်ရာကို ပိုင်ပိုင်နိုင်နိုင် ရေးဆွဲထားသည့် **"ပဒေါင်အမျိုးသမီးကြီး"**အမည်ရှိပန်းချီကားမှာ ပန်းချီလှမြင့်ဆွေ၏ ထူးထူးခြားခြားလက်ရာတစ်ခုပင်ဖြစ်သည်။ တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ထားသော အသက်အရွယ်ကြီးရင့်နေသည့် ပဒေါင်အမျိုးသမီးကြီး၏ မျက်နှာပြင်အရေးအကြောင်းများကို တစ်ခုချင်းအလိုက် ရေးဆွဲထားပြီး အလင်းရောင်အဝင်အထွက် မှန်မှန်ဖြင့် မင်ခြစ်လက်ရာကို ညက်ညက်ညောညော အစွမ်းပြထားရာ အချိန်ကြာကြာကြည့်သည့်တိုင် ရှုမငြီးနိုင်စရာဖြစ်ရသည်။ လည်ပင်းတွင် ဆင်မြန်းထားသော ရိုးရာဓလေ့ အလှဆင်ပစ္စည်းများကိုလည်း ပြောင်မြောက်ထင်ပေါ်အောင် ရေးဆွဲနိုင်မှုကိုလည်း လေးစားရသည်။



ရိုးရာဓလေ့နားပန် ပန်ထားသော ကချင်ပြည်နယ်မှ ဒေသခံ တိုင်းရင်းသူကြီး တစ်ဦး၏ ပန်းချီကား မှာ လည်း မင်ခြစ်လက်ရာ ခပ်ပါးပါးဖြင့် ရုပ်လုံးကြွလျက်ရှိနေသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ခြယ်မှုန်းထား

တစ်ဖန် ပုဂံ မင်းနန္ဒသူရွာမှ အသက်အရွယ် ကြီးရင့်အိုမင်းနေသော မြန်မာ အမျိုးသမီးကြီးတစ်ဦး၏ ပြောင်းဖူးဖက်ဖြင့် ဆေးလိပ်သောက်နေပုံမှာလည်း တကယ့် အသက်ဝင်လှသည်။ မျက်နှာပြင်၊ လည်ပင်းနှင့် ရင်ဘတ်တို့ကို လိုသလောက် မင်ခြစ်လက်ရာဖြင့် ဖော်ပြထားပြီး ပြောင်းဖူးဖက် ဆေးလိပ်ကို အားပါးတရဖွာရှိုက်နေမှုအား မင်ခြစ်ကြောင်းများဖြင့် အနုစိတ် ခြယ်မှုန်းထားပြီး လိုက်ဖက်အရောင်ပျော့ပျော့ကို ခပ်ပြေပြေလေး သုံးထားသည်မှာ ပေါင်းစပ်မှုနှင့် ဖွဲ့စည်းမှုကောင်းသည့်ပုံပင်ဖြစ်သည်။

ပြောင်းဖူးဖက်ဆေး လိပ် ကို အားပါးတရ ဖွာနေသော မြန်မာ အမျိုးသမီးကြီး တစ်ဦး၏ ဟန်ပန် က လည်း ဖွဲ့စည်းမှုနှင့် ရေးဆွဲမှု ကောင်းလှသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နောက်ထပ် စိတ်ဝင်စားဖွယ်ကောင်းသည့်ပုံမှာ **"တရားမှတ်နေသော ဘုန်းတော်ကြီး"** အမည်ရှိ ပန်းချီကားဖြစ်သည်။ ဗိဿနိုးမြို့ဟောင်းအနီး စိန်ရောင်ခြည် ဘုန်းတော်ကြီးကျောင်းရှိ ဘုန်းတော်ကြီးတစ်ပါး နံနက်ပိုင်း ဝါးကုလားထိုင်ပေါ်တွင် တရားမှတ်နေပုံဖြစ်သည်။

ဘုန်းတော်ကြီး၏ မျက်နှာနှင့် နဖူးပြင်ပေါ်မှ အရေးအကြောင်းများ၊ လည်ပင်းနှင့် လက်မောင်းပေါ်မှ အရေးအကြောင်းများကို မင်ခြစ်လက်ရာဖြင့် အစွမ်းပြ ရေးဆွဲထားသည်မှာ ပီဘိ ဘုန်းတော်ကြီးတစ်ပါးအား ဖူးတွေ့ရသည့်နှယ်ရှိတော့သည်။

အိုးလုပ်သမား

"အိုးလုပ်သမား"အမည်ရှိ ပန်းချီကားမှာ ပန်းချီလှမြင့်ဆွေ၏ မင်ခြစ်

စာမျက်နှာ ၇ ကော်လံ ၂

တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဂရင်းမီးရထားဟိုတယ် ပထမထပ်၌ ကျင်းပသည့် ပန်းချီလှမြင့်ဆွေ၏ ပန်းချီပြပွဲကို လာရောက်ကြည့်ရှုအားပေးခဲ့စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

စာမျက်နှာ ၃ မှ

ပါကြောင်း၊ ကျေးလက်ပြည်သူများ အနေဖြင့် ပြည်ပ ဈေးကွက်တွင် ဈေးကောင်းရရှိနေသည့် စိန်တလုံး သရက်သီးများကို အထူးဦးစားပေး စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ သမားရိုးကျ စပါးတစ်မျိုးတည်းကို စိုက်ပျိုးခြင်းအပြင် လစ်လပ်နေသော မြေများတွင် ဈေးကွက်ဝင် နှစ်ရှည်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းပါ ပူးတွဲ၍ ဆောင်ရွက်သင့်ကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ ငါး အစရှိသော မွေးမြူရေးလုပ်ငန်းများသည်လည်း ကျေးလက်ပြည်သူများအတွက် တွက်ခြေကိုက်သည့် လုပ်ငန်းများဖြစ်ကြောင်း။

ကျေးလက်မီးလင်းရေးတွင်အဓိက အထောက်အကူဖြစ်မည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မည်ဖြစ်သည့်အတွက် ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်သည် ဒေသမရွေး၊ မြေမရွေး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်သော အပင်မျိုးဖြစ်ပြီး စိုက်ပျိုးစရိတ်နည်းပါးသဖြင့် ပိုပြီးစိုက်ပျိုးသင့်ကြောင်း။

ဤဒေသတွင် ဆီးရိုင်းကိုလည်း စိုက်ပျိုးသင့်ကြောင်း၊ ဆီးရိုင်းပင်သည် စီးပွားရေးလည်း တွက်ခြေကိုက်ကြောင်း၊ ဆီးသီးမှအသားကို ယိုစုံလုပ်ငန်းအတွက် ရောင်းချနိုင်ပြီး ဆီးသီး၏အဆန်ကို နိုင်ငံခြားတင်ပို့နိုင်ကြောင်း၊ ဆီးသီးစေ့အမာသားကိုလည်း မီးသွေးကဲ့သို့ အသုံးပြုနိုင်ကြောင်း၊ ဆီးရိုင်းနှင့်အတူ ဆိတ်ကိုပါ ပူးတွဲမွေးသင့်ကြောင်း၊ ဆီးရွက်သည် ဆိတ်ကြိုက်သော အစာဖြစ်ပြီး ဆိတ်သည် ဈေးကောင်းနေသောကြောင့် စီးပွားဖြစ်နိုင်ကြောင်း။

လက်တွဲကူညီ

မိမိအနေဖြင့် အထူး မှာကြားလိုသည်မှာ ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေမှုများ၊ အခြေအနေကောင်းများ၊ အခြေခံကောင်းများကို ပျက်စီးအောင် ၎င်းတို့ အကျိုးကို ရှေ့တန်းတင်ပြီး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများရှိကြောင်း၊ ယင်းအဖွဲ့များ၏ လုပ်ဆောင်မှုများက အင်မတန် အန္တရာယ်ကြီးကြောင်း၊ ၎င်းတို့ကို သတိပြုပြီး မထိန်းနိုင်လျှင် ၁၉၄၈နှင့် ၁၉၈၈ကြားကကဲ့သို့ သမိုင်းတစ်ပတ်လည်ပြီး တိုင်းပြည်နှင့် လူမျိုးသည် တကယ့်ကို အဖွံ့ဖြိုးမှုအနည်းဆုံး ဘဝ၊ အနုံချာဆုံးဘဝကို ပြန်လည်ရောက်သွားနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အဖျက်အမှောင့်သမားများကို ဟန့်တား ကာကွယ် တိုက်ဖျက်ချေမှုန်းရာတွင်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲ ကူညီသင့်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ယာကြီးကျေးရွာ စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးနှင့် ယာကြီးကျေးရွာအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ ကျောင်းစိမ်းလုံချည်များ၊ ဂျာနယ်မဂ္ဂဇင်း၊ သတင်းစာများနှင့် အားကစားပစ္စည်းများကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ရန်ပုံငွေကျပ် ၂၀၀၀၀၀ ကို လည်းကောင်း၊ ကနီမြို့နယ်ရှိ ကျောင်းများအတွက် စာသင်ခုံ ၁၉ ခုံကို လည်းကောင်း၊ ယာကြီးကျေးရွာ စာကြည့်တိုက်အတွက် သုတရသစုံ စာအုပ်များကို လည်းကောင်း၊ ယာကြီးကျေးရွာမှ ကျောင်းသားကျောင်းသူများအတွက် ခဲတံငါးဒါဇင်၊ ဘောလ်ပင်အချောင်း ၅၀၊ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကို လည်းကောင်း၊ ယာကြီးကျေးရွာအတွက် မွေးဆပ်ပြာနှင့် ဗွီစီဒီရုပ်ရှင်နှင့် သီချင်းခွေများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ချောင်းဦးမြို့နယ် မုန်ချိုကျေးရွာ ပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မုန်ချို၊ ရွာတော်လေး၊ ထူးနီး၊ ငါးလုံးတင်၊ ဆင်ခြေ၊ မထိစာ၊ မကျီးခွ၊ မင်းတည်၊ မင်းခေါင်၊ ရွာထင်နှင့် တောကျောင်းကြီးကျေးရွာများမှ ဒေသခံပြည်သူ ၂၂၅၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထူထောင်ပေး

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာကြည့်တိုက်များကိုဖွင့်လှစ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ငွေကျပ် သိန်းပေါင်း ၂၀၀၀ ကျော် မတည်ရင်းနှီးပြီး ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ စေတနာရှင် အလှူရှင်များကလည်း ငွေပဒေသာပင်များကို စိုက်ထူ လှူဒါန်းခဲ့ရာ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၇-၆-၂၀၀၆ ရက်အထိ ဖွင့်လှစ်ပြီး ကျေးရွာ စာကြည့်တိုက်ပေါင်းမှာ ၅၄၇၀၇ တိုက် ရှိနေပြီဖြစ်ကြောင်း။

ရေမြင့်လျှင်

တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်ကြီးသည် တစ်ဟုန်ထိုး တိုးတက်နေသည့် အခြေအနေကို ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး ယင်းထက်တိုး၍ ဖွံ့ဖြိုးတိုးတက်ရန်ပင်ရှိကြောင်း၊ ဆန်စပါးကဏ္ဍအနေဖြင့် ပြောရမည်ဆိုလျှင်လည်း ယနေ့မြန်မာနိုင်ငံတွင် စပါးတင်း သန်းပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေနှင့် တွက်မည်ဆိုလျှင် လုံလောက်ရုံမျှမက ပိုလျှံနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆန်စပါး ပိုလျှံလာခြင်းမှာ နိုင်ငံတော်က ဆည်မြောင်းတာတမံများကို တိုးချဲ့တည်ဆောက်ပေးခဲ့၍ဖြစ်ကြောင်း၊ လယ်သမားများအတွက်လည်း အထွက်တိုးစပါးမျိုးများ ဖြန့်ဖြူးပေးခဲ့ပြီး စိုက်ပျိုးနည်းစနစ်များ ပညာပေးဆောင်ရွက်ပေးခဲ့၍ အကျိုးအမြတ် ဖြစ်ထွန်းလာရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်က ရေနှင့်တူပြီး ပြည်သူက ကြာနှင့်တူကြောင်း၊ ထို့ကြောင့် ရေမြင့်လျှင် ကြာတင့်ရမည်ဖြစ်ကြောင်း။

တည်ငြိမ်မှု

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်၍ ယခုအခါတွင် နိုင်ငံတော်၌ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများ ရရှိနေပြီဖြစ်ကြောင်း၊ မကြာခင်ကပင် ရှမ်းဆစ် (SSA-S)အဖွဲ့ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ မိန်းစင်ဦးစီးသော အင်အား ၈၄ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် သတင်းသည် မင်္ဂလာရှိသော သတင်းဖြစ်ကြောင်း၊ ၎င်းတို့သည် တပ်မတော်အစိုးရ၏ စေတနာနှင့် မှန်ကန်သောလုပ်ဆောင်ချက်များကို သိရှိနားလည်ယုံကြည်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ကြောင်း၊ ယခင်က မိုးရေကိုသာ အားကိုးပြီး စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ လယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ဆည်မြောင်း တာတမံနှင့် မြစ်ရေတင် အစီအစဉ်များကို အခြေခံပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဆည်မြောင်း တာတမံများနှင့် မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ပေးခဲ့ခြင်းကြောင့် ယခုအခါ လယ်သမား အများအပြားသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စီးပွားရေးအခြေအနေတွင်လည်း ဖွံ့ဖြိုးတိုးတက်လာသည်မှာ ကိုယ်တွေ့မျက်မြင်များပင်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

လှူဒါန်းငွေ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မုန်ချိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာသင်ခုံများကိုလည်းကောင်း၊ မုန်ချိုကျေးရွာရှိ သုတဝတ်ရည်စာကြည့်တိုက်အတွက် သုတ၊ ရသမျိုးစုံ စာအုပ်စာစောင်များကိုလည်းကောင်း၊ မုန်ချိုကျေးရွာ မီးလင်းရေးလုပ်ငန်းအတွက် မတည်လှူဒါန်းငွေ ကျပ် ၃၀၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် မုန်ချိုကျေးရွာ ခြံစည်းရိုးကြက်ဆူပင် ၄၅၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်ကာ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

လက်ရာခပ်သွက်သွက်ရေးချက်များကို တွေ့ရသည်။ အိုးများ၊ အိုးများပေါ်တွင်ကျသည့် အလင်းရောင်၊ အိုးလုပ်သမား၏ ပုံသဏ္ဌာန်များကို မင်ခြစ်ကောက်ကြောင်းများဖြင့် ရောစပ်ရောင်မသုံးဘဲ သန့်သန့်ရေးဆွဲထားရာ အမြင်အာရုံရှင်းလှသည်။ ပန်းချီဆရာ၏ ဆိုလိုရင်းကို ထင်းခနဲ မြင်တွေ့နိုင်သည့် ပန်းချီကားဖြစ်သည်။

ပီပြင်ထိမိ

ထို့အပြင် ကချင်ပြည်နယ်မှ ဒေသခံတိုင်းရင်းသူကြီးတစ်ဦး၏ ပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ရိုးရာဓလေ့အရ နားပေါက်အတွင်း ထည့်သွင်းထားသည့် နားပန်မှာ တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသည့် အရာဖြစ်သည်။ ခေါင်းပေါင်း၊ မျက်နှာပြင်နှင့်လည်ပင်းတို့ရှိ အရေးအကြောင်းများမှာ မင်ခြစ်ရာ ခပ်ပါးပါးကို အရောင်အဖိ အဖော့ဖြင့် အလိုက်သင့် မျှောချထားသဖြင့် ရုပ်လုံးကြွလျက်ရှိသည်။ ပီပြင်ထိမိသည့် ရေးချက်ပင်ဖြစ်သည်။



"တရားမှတ်နေသောဘုန်းတော် ကြီး" အမည်ရှိ ပန်းချီကားမှာလည်း ပီဘိဘုန်းတော်ကြီးတစ်ပါးကဲ့သို့ ထင်မှတ်စရာပင်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မျက်နှာ အရေးကြောင်းများကို ပေါ်လွင်အောင်မင်ခြစ် လက်ရာ အစွမ်းပြထားမှုမှာလည်း အပိုအလိုမရှိ ကွက်တိ ဖြစ်သည်။
ဓာတ်ပုံ-
သိန်းဝင်းလေး
(မြန်မာ့အလင်း)

သတင်းကောင်းပါး

မင်ခြစ်ပန်းချီ ရှားပါးနေသော ယနေ့ကာလတွင် မင်ခြစ်ပန်းချီကားပေါင်း ၅၁ ကား ခင်းကျင်းပြသထားသည့် ပန်းချီလှမြင့်ဆွေ၏ လက်စွမ်းပြ မင်ခြစ် ပန်းချီပြပွဲ၌ ရေးဟန် ဆန်းကြယ်မှု၊ အယူအဆနှင့် လက်ရာကောင်းမွန်မှုတို့ကို တစ်ဝကြီး လေ့လာကြည့်ရှုနိုင်ကြပါကြောင်း သတင်းကောင်းပါးဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများကို ရည်စူး၍ တနင်္သာရီတိုင်း မြိတ်မြို့ကွက်သစ် (ဒီ)လမ်းနေ ဦးဘထွန်း-ဒေါ်သန်းမြင့် မိသားစုက အလှူတော်ငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် အမှတ် ၁၀၀ လသာလမ်း ရန်ကုန်နေ ဦးစံထွန်း-အမိဒေါ်လှိုင်၊ မွေးစားဖခင်ကြီး ဦးညွန့်အောင်အား ရည်စူး၍ သမီး ဒေါ်စောစောထွန်းက အလှူတော်ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် ဒေါက်တာအရှင်ဝိစိတ္တ(ပဲခူး) မြန်အောင် အရှင်ကောသလ္လ(ဓမ္မာစရိယ-B.A)တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သတင်းဆောင်းပါးဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကိုရီးယားခရီးသွားအခန်းဆက်ဆောင်းပါးတို့နှင့်အတူ ထားဝယ်နှင့် မြိတ်ဒေသတို့တွင် ထိုင်းမှလာရောက် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား၊ ရန်ကုန်မြို့ကို ဓာတ်အားပိုမိုပေးနိုင်ပြီ၊ ရန်ကုန်မြို့ လျှပ်စစ်သုံးစွဲမှုပမာဏသည် နေ့စဉ် မဂ္ဂါဝပ် ၄၀၀ ရှိနေ၊ ရထားမှောင်ခို လက်မှတ်တစ်စောင် ဆုတော်ငွေကျပ် တစ်သိန်း၊ မြန်မာနှင့် မလေးရှားပူးပေါင်း၍ ဓာတ်ငွေ့ထုတ်စက်ထုတ်လုပ်မည့်စက်ရုံ မလေးရှားနိုင်ငံတွင် တည်ဆောက်နေ၊ သုံးနှစ်တက်ရသည့်ဘွဲ့ နှစ်နှစ်နှင့် ရယူနိုင်ပြီဟုဆို၊ ဖက်ရှင်ဒီဇိုင်းနှင့် အဝတ်အထည်ဈေးကွက် အကြောင်းအရာသတင်းများ အထူးထုတ်ကဏ္ဍ စသည်ဖြင့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

စံထားအပ်တဲ့ ကစားသမားကောင်းဆိုတာ၊ ၆၂ နှစ်အရွယ် ဗြိတိန်သူ သားယောကျ်ားလေးမွေးဖွား၊ လက်ဖက်စိမ်းသောက်ခြင်းသည် သည်းခြေကျောက်တည်ခြင်းနှင့် ကင်ဆာရောဂါကို ကာကွယ်နိုင်ဖွယ်ရှိ၊ တရုတ်ဘာသာကို အင်တာနက်မှ အခမဲ့သင်ယူနိုင်ပြီ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေရန် လုပ်ဆောင်မှုများကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ပေးအပ် လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံသို့ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန် (Jewellery Luck Co., Ltd.၊ အိုလံပစ်ဟိုတယ်) က အလှူငွေ ကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

● ***ရှေ့ဖုံးမှ***

ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋက မဟာဂန္ဓဝင်ကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင် ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းငွေကျပ် ၁၉၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၉၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက ငွေကျပ်တစ်သိန်း၊ ဦးခင်ဇော် (ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဒဂုံတောင် စက်မှုဇုန်-၁)က ငွေကျပ် ၁၂သိန်း၊ ဦးကျော်စိန်(မန်နေဂျင်းဒါရိုက်တာ၊ Jewellery Luck Co., Ltd.နှင့် အိုလံပစ်ဟိုတယ်)က ငွေကျပ် ၁၅သိန်း၊ ဒဂုံတောင်စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံတောင် စက်မှုဇုန်(၂) စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံတောင်စက်မှုဇုန်(၃) စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံ(အရှေ့) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် ဒဂုံ(မြောက်) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးဝင်းလွင်-ဒေါ်မြတ်မြတ်မော် (ကျော်သာကုမ္ပဏီလီမိတက်)က ငွေကျပ်ကိုးသိန်း၊ ဦးအောင်မြတ် (မန်နေဂျင်းဒါရိုက်တာ၊ Mother Trading Co., Ltd.)၊ ဦးချစ်မွေး(သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကျော်နိုင်ဦး (Naing Group Co., Ltd.)၊ သီရိသုဓမ္မမဏိဇောတဓရ သီတဂူဦးနိုင်ဦး ဇနီး သီတဂူဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)နှင့် ဦးစိုးဝင်း (အဲဗားဝင်းမော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဒဂုံတောင် စက်မှုဇုန်-၁)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးအောင်ဝင်း (မိုးညှင်းသီဂီကျောင်းအလှူရှင်)က ငွေကျပ် ၄၆၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးတင့်ဆန်း(မန်နေဂျင်းဒါရိုက်တာ၊ ACE ဆောက်လုပ်ရေး)နှင့် သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင် (Tin Co.,Ltd.)တို့က ငွေကျပ်လေးသိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါးမိသားစု(စန္ဒီပရဆေးတိုက်)က ငွေကျပ်၃၀၃၀၀၀၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB Co.,Ltd.)၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ဦးဘိုကြီး-သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)၊ သီဟသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်(ကမ္ဘာအေးဘုရားလမ်း)၊ ဒဂုံတောင် ဆန်/ဆီကုန်သည်များအသင်း၊ ဦးကျော်စိုးဝင်း (KSM မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသိန်းလွင်(နေပြည်တော် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးဝင်းလွင်(လှိုင်းသစ် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးချစ်မောင် (UCM မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစံလင်း (Super Seven Star မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသူရအောင်ကျော် (T&T မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးရဲဝင်း(ရွှေငွေးမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးကျော်ဝင်း-ဒေါ်ခင်ဆွေဦး(ရွှေသရဖူ)၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းနှင့် ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီကို ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃တိုက်၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ ဦးတင်ဦး (MVJP မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးမျိုးလွင် (ဦးစိုးနှင့်ညီများ မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးကျော်ကျော်နိုင်(ရွှေ မောင်းမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးမျိုးဝင်း (SGI အထည်ချုပ်စက်ရုံ)၊ မြန်မာ့ယာဉ်နှင့်စက်မှုဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်(တောင်ဥက္ကလာပ)၊ ဦးသန့်ဇင်(ရွှေမြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသန့်ဇင်၊ ဗိုလ်မှူးမောင်မောင်မြင့်(အငြိမ်းစား) (တော်ဝင်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးနေဝင်း(နေလ မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဝင်းရတနာခရီးသွားလုပ်ငန်းနှင့် သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)တို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင် ၈၆ဦးတို့က ဆွမ်းပဒေသာပင် အလှူငွေကျပ်၂၄၂၅ ၇၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မေတ္တာပို့သ

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သဃ်မိတ္တာဝတ်အဖွဲ့က အရပ်၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်အိတ် ၄၁၀၊ ဆီ ၁၈၄ပိဿာ ၇၀ကျပ်သား၊ ပဲ ၃၆၉ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၆၁အိတ်၊ ရွှေဝါဆပ်ပြာ ၁၈၄၇တောင့်၊ ကိုယ်တိုက်ဆပ်ပြာ ၁၈၄၇တုံး၊ သွားတိုက်ဆား ၃၆၉ဘူး၊ ငါးပိ ၄၈ဘူး၊ ငါးခြောက် သုံးအိတ်ခွဲ၊ ငံပြာရည် ၅၉၆ပုလင်း၊ ထွန်းရွှေဝါလိမ်းဆေးဘူး ၄၈၀နှင့် တိုင်းရင်းဆေးမျိုးစုံ ၃၇၅ဘူးတို့ဖြစ်သည်။

ဇဟန်းမြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃တိုက်၊ သီလရှင်စာသင်တိုက် ၇တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ်ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဇဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်၂၃တိုက်မှ ပဓာနနာယက ဆရာတော်များ၊ ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ပဲများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဇဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု၊ ဦးစိုင်းထွန်းရှိန်(အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ဆန်စပါး လက်ကားကုန်သည်များ၊ ကုန်စည်ဒိုင်အသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ သမ္မတသင်္ကန်းတိုက် ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေမိသားစု၊ ဦးသိန်းမောင်-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု၊ ဦးငြိမ်း-သီရိသုဓမ္မသီဂီ ဒေါ်အုံးကြင် OK ဆန်ပွဲရုံမိသားစု၊ ဦးတင်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်စန်းစန်းဝင်းမိသားစု ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဖြူစင်မေတ္တာဆေးတိုက်၊ မှန်ချိုဆေးတိုက်၊ ကျော်တိုင်းရင်းဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချ အမျှပေးဝေ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။
(သတင်းစဉ်)

ဆွမ်းပဒေသာပင်

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်၃၁၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ် ၃၁၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ ဦးသန်းနိုင်-သီရိသုဓမ္မသင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)က ငွေကျပ်၃၂၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသင်္ဂီ ဒေါ်သန်းသန်း(ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)၊ သီရိသုဓမ္မသင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)နှင့် ဦးချောင်-ဒေါ်ရွှေစင်(ဂိုးယူစီ)၊ ဦးရဲအောင်- ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ)တို့က ငွေကျပ်၃၁၀၀၀၀စီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၃၀၃၀၀၀၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(ဘီတီဘီကုမ္ပဏီ)၊ ဦးတင်အောင်-ဒေါ်လုလု(ဝင်းရတနာခရီးသွားလုပ်ငန်း)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးရှိန်မြင့်-သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရွှေဆိုင်)က ငွေကျပ်သုံးသိန်း၊ ဦးကျော်သောင်း (ရွှေဂုံတိုင်လမ်း၊ဗဟန်း)နှင့် ဦးအောင်ကျော်-ဒေါ်စိန်စိန် (တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း)တို့က ငွေကျပ်၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် အလယ်တောရ စံပြစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများက အရပ် ၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်၊ သီလရှင်စာသင်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ ယနေ့လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၇၅၃ အိတ်၊ ဆီ ၃၅၄ပိဿာ ၄၀ကျပ်သား၊ ပဲ ၇၀၈ပိဿာ၊ အိုင်အိုဒင်းဆား ၇၀၈၈ပိဿာ၊ ဆပ်ပြာ ၃၅၄၄တောင့်၊ သွားတိုက်ဆား ၇၀၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၁၇၀၀နှင့် ဆွမ်းပဒေသာပင် အတွက်လှူဒါန်းငွေကျပ် ၆၃၅၄၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ သစ်ပင်စိုက်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါရုံးများ၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးဒေါ်တင်တင်နွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး၊ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းအမှုထမ်းများတက်ရောက်၍ သစ်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဌာနပိုင်ဆည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ **(သတင်းစဉ်)**

သစ်ပင်များစိုက်ပျိုး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့ သစ်ပင်များစိုက်ပျိုးပေးကြစဉ်။ (လူမှုဝန်ထမ်း)

ဆေးဝါး မိတ်ဆက် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

နီလေးနိုင် ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် ဆေးဝါးမိတ်ဆက်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ နီလေးနိုင် ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမောင်မောင်လေး၊ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာသန်းအောင်၊ ပါမောက္ခများ၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ Promed Export Pvt Ltd, Business Head Mr. Ramesh Souri နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နီလေးနိုင်ကုမ္ပဏီလီမိတက်၏အုပ်ချုပ်မှုဒါရိုက်တာဒေါက်တာမောင်မောင်လေး **(အောက်ပုံ)** က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Promed Export Pvt Ltd, Business Head Mr. Ramesh Souri က ယင်းကုမ္ပဏီနှင့် ၎င်းတို့ထုတ်လုပ်သည့် အဆင့်မြင့် ဆေးဝါးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာသန်းအောင်က Topical Anaesthetic, Cycloplegic and B/Bllocker အကြောင်းကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေး/ရေဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇူလိုင် ၁၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးတို့အားအမှူးထား၍ ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင်၁၄ရက် နံနက်၁၀နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ကိုးရွာသပြေကုန်းကျောင်းတိုက် ဆရာတော် ဒူဌေဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇဝနတိက္ခထံမှ ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

နေ့ဆွမ်းဆက်ကပ်

ဆက်လက်၍ ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကာ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ပေးပြီး ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၆ရက်က သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်သုံးတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်များလှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများလက်ခံစဉ်။
(သတင်း-ကျော်ဖုံး)(သတင်းစဉ်)

အသိပေးကြေညာချက်

၁၉-၇-၂၀၀၆ရက်တွင် (၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အာဇာနည်ဗိမာန်တွင် ကျင်းပစဉ်ကာလအတွင်း ၎င်းနေ့(၀၆:၀၀)နာရီမှ (၁၈:၀၀)နာရီအထိ ဦးဝိစာရအဝိုင်းမှဦးဝိစာရလမ်းတစ်လျှောက် ဓမ္မစေတီလမ်းအထိ၊ ဦးဝိစာရအဝိုင်းမှ ဦးထောင်ဘိုလမ်းတစ်လျှောက် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အထိ၊ ရွှေဂုံလမ်းမှ ရွှေဂုံတိုင်လမ်းဆုံအထိ၊ ရွှေဂုံလမ်းမှ အနောက်ရွှေဂုံတိုင်လမ်း အတိုင်း ဦးဝိစာရလမ်းအထိ၊ အာဇာနည်လမ်းတစ်လျှောက်ဦးထောင်ဘိုလမ်းအထိ ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း မော်တော်ယာဉ်များကို အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ကြော့ရှင်းလှပ ကျန်းမာလိုကြပါလျှင်

ဒေါက်တာခင်သန်းဦး(ကျန်းမာပညာ)

ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်ပါသည်။ လူတစ်ဦးချင်း အလိုက်သော်လည်းကောင်း၊ မိသားစုတစ်စုချင်းအလိုက်သော်လည်း ကောင်း၊ ဒေသတိုင်းပြည် တစ်ခုချင်းအလိုက်သော်လည်းကောင်း ဖွံ့ဖြိုး တိုးတက်ရန်အတွက် ကျန်းမာခြင်းနှင့် ပြည့်စုံရန်လိုပါသည်။ ကျန်းမာမှ ပညာသင်နိုင်သည်။ ကျန်းမာမှ အလုပ်လုပ်နိုင်သည်။ ကျန်းမာခြင်းဟု ဆိုရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာယသုခ၊ စိတ္တသုခ၊ လူမှုရေး သုခတို့နှင့်ပြည့်စုံမှ ကျန်းမာသည်ဟု ဆိုပါသည်။ ယခုအခါ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းများ၊ ကျန်းမာရေးဆိုင်ရာ အတွေးအခေါ် အယူအဆများ တိုးတက်လာသောအခါ ရောဂါဖြစ်မှ ပြုစုစောင့်ရှောက် ခြင်းမျိုးကိုသာ ကျန်းမာခြင်းနှင့်သက်ဆိုင်သည်ဟု မယူဆကြတော့ပါ။ လူများနေထိုင်မကောင်း မဖြစ်မီကပင် ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ဖို့ ကြိုးစည်စိတ်ကူးလာကြသည်။ ကျန်းမာရေးအဆင့် မြှင့်တင်ခြင်းဟု ခေါ်ပါသည်။ ထိုကျန်းမာရေးအဆင့်မြှင့်တင်သော အဆင့်ကို စဉ်းစားဆောင်ရွက်နေသော အချိန်ကာလမှာပင် သိပ္ပံပညာ တိုးတက်လာသောအခါ ကူးစက်ရောဂါများ နည်းပါးသွားသည်။ အချို့ ရောဂါများ ပပျောက်ကုန်ကြသည်။ ထိုအခါ လူတို့၏ နေထိုင်မှုနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာများကို ဂရုပြုမိလာကြသည်။ ယခင်က အမှတ်တမဲ့ နေခဲ့ကြသဖြင့် သတိမပြုမိသော၊ အရေးမကြီး ဘူးဟုထင်သော ကိစ္စများကို သတိပြုမိလာကြသည်။ ထိုအခါ လူများ



အထူးသဖြင့် အသက်အရွယ်ကြီးသူများမှာ အဆစ်အမြစ်နာကျင်မှု များရှိနေပြီး ကာကွယ်နိုင်သည်ကို သိလာကြသည်။ သို့ရာတွင် စောစော က မသိခဲ့သဖြင့် ဝေဒနာကို မခံစားသင့်ဘဲ ခံစားနေကြရသည်။ ပတ်ဝန်းကျင်တွင် တွေ့ကြုံခဲ့ဖူးသောအကြောင်းများကို ပြောပြလိုပါသည်။

ရုံးခန်းတွင်းတွင် အရာရှိတစ်စု အလုပ်လုပ်နေကြသည်။ ကျန် တစ်စုက ဘေးနားကန့်ရုံတွင် ကျောက်သင်ပုန်းအဖြူတစ်ခု ချိတ်ဆွဲရန် ပြင်ဆင်နေကြသည်။ ထိုအချိန်တွင် အမျိုးသမီးအရာရှိတစ်ဦးက စာရွက် တစ်ရွက်ကျနေသောကြောင့် အောက်တွင်ထိုင်၍ စာရွက်ကိုကောက် လိုက်သည်။ တိုက်ဆိုင်စွာပင် ဘေးကကျောက်သင်ပုန်းက သူ့ခါးပေါ် ပြုတ်ကျသည်။ သူမမှာ နာလွန်း၍ အော်နေရသည်။ နောက်ပိုင်းတွင် ထိုအမျိုးသမီးမှာ မကြာခဏ ခါးနာ၍ ခွင့်ယူကာနားရသည်။ သူမ ခါးနာနေ၍ အရိုးအထူးကုဆရာဝန်ထံ သွားပြသည်။ ခါးရိုးများ ထိခိုက်သွားသလားဟု သေချာအောင်စစ်ဆေးကြည့်ရာ ကံအားလျော် စွာပင် အရိုးကိုမူ မထိခိုက်၊ သို့သော် ဒဏ်ဖြစ်နေသည်ဟု ပြောပါသည်။ ဆေးစား၍ လေ့ကျင့်ခန်းများလုပ်ရသည်။ အလေးအပင် မ, မပါနှင့်၊ ခါးကုန်း၍ အလုပ်မလုပ်ပါနှင့်ဟု ညွှန်ကြားပါသည်။ ခါးတွင် ထိခိုက် မိ၍သာ သွားပြမိပြီး ဤကဲ့သို့သော ညွှန်ကြားချက်မျိုးကို သိလာခြင်း ဖြစ်ပါသည်။ တကယ်တော့ လူတို့ နေ့စဉ်လှုပ်ရှားသွားလာမှုမှာ ပုံစံ မှန်ဖို့လိုနေသည်မှာ အမှန်ဖြစ်ပါသည်။

သူငယ်ချင်းတစ်ဦးသည် လက်ပြင်ကုန်းပါသည်။ ငယ်ရွယ်စဉ်က ခါးကလေးကိုကုန်းပြီး သက်သောင့်သက်သာ ထိုင်တတ်သော အလေ့ အကျင့်များက ကြီးသည်အထိ ပါသွားသည်။ လူကြီးများ၊ ဆရာများ၊ သူငယ်ချင်းအပေါင်းအသင်းများက မည်သို့ပင်ပြောပြော ခါးကို ဘယ် အခါမျှ မတ်မတ်မထိုင်ပါ။ တစ်သက်လုံး အကျင့်ပါသွားသည်။ နည်းနည်းကြီးလာတော့ သူများတွေလို စမတ်ကျကျ လှချင်လာသော် လည်း လက်ပြင်ကိုင်းကိုင်းနှင့်မို့ ဘယ်လိုမျှ စမတ်မကျတော့ပါ။ ယခုထိတော့ လက်ပြင်ကုန်းနေသည်။ နောက်မကြာမီ အသက်ကြီး လာပါက ခါးပါကုန်းလာတော့မှာ အမှန်ပင်ဖြစ်သည်။ ဒါကတော့

နေပုံထိုင်ပုံနှင့် စမတ်ကျတာ၊ မကျတာ ဆက်နွယ်နေခြင်းဖြစ်သည်။ ငယ်ရွယ်စဉ် ကလေးဘဝမှစတင်၍ ကိုယ်ကို မတ်မတ်နေထိုင်တတ် သော အလေ့အကျင့်များရရှိစေရန် လေ့ကျင့်သင်ကြားပေးကြရပါမည်။ ယခုခေတ်လူငယ်များသည် ကိုယ်ဟန်ကျော့ကျော့ စမတ်ကျကျ နေထိုင် တတ်စေရန် စိတ်ပါဝင်စားလာနေကြပေပြီ။ မော်ဒယ်သင်တန်းများတွင် စမတ်ကျကျ ကျော့ကျော့ရှင်းရှင်းနေပုံ၊ ထိုင်ပုံ၊ မတ်တတ်ရပ်ပုံ၊ လမ်းလျှောက်ပုံတို့ကို အလေးထား သင်ယူလျက်ရှိကြပါသည်။

ကျွန်မငယ်စဉ်က အိမ်ကို မကြာခဏလာသော ဦးလေးကြီး တစ်ဦးကို တွေ့ဖူးပါသည်။ ထိုဦးလေးကြီးသည် ခါးကို တစ်ဆစ်ချိုး ကုန်းနေပါသည်။ စာရေးသူက ကလေးမို့ အလွန်အံ့ဩပါသည်။ ဒီဦးလေးကြီး ဘယ်လိုအိပ်သလဲ၊ ပက်လက်ရော အိပ်လို့ရသလား၊ ဘာဖြစ်လို့ ဒီလိုကုန်းနေတာလဲဟု အလွန်သိချင်ပါသည်။ သို့သော် အားနာပြီး မမေးရဲခဲ့ပါ။ အခြားသူတွေက သူ့ကို 'ခါးကုန်းကြီး'ဟု ခေါ်ကြပါသည်။ လူကြီးတွေက ပြောပါသည်။ ဒီလူကြီးဟာ ဖဲအလွန် ရိုက်တယ်၊ တစ်ချိန်လုံးကုန်းပြီး ဖဲရိုက်နေလို့ ခါးကို ပြန်မဆန့်နိုင် တော့တာဟု ဆိုပါသည်။

ကျွန်မ ပြည်သူ့ကျန်းမာရေးဘွဲ့လွန်တက်ချိန်မှာ နေပုံ၊ ထိုင်ပုံ၊ လုပ်ငန်းခွင်အတွင်းမှာ အလုပ်လုပ်ရာတွင် Posture ခေါ် ပုံစံကျ အောင်နေမှ ကျန်းမာရေးနှင့်ညီညွတ်ကြောင်း သင်ကြားရသည်။ စားပွဲ ကုလားထိုင်နှင့် အလုပ်လုပ်သူများသည် ခါးကို မတ်မတ်ထိုင်၍ အလုပ်လုပ်ဖို့ လိုအပ်သည်။ သို့မှသာ ရေရှည်တွင် ခါးနာခြင်း မရှိမည် ဖြစ်သည်။ ထို့အတူ ကွန်ပျူတာ၊ လက်နှိပ်စက်အသုံးပြုသူများသည် လည်း ခါးကိုမတ်မတ်ထား၍ ကွန်ပျူတာကို ရိုက်ရန်လိုအပ်ပါသည်။ လက်နှင့် စားပွဲအမြင့်လည်း ဟန်ချက်ညီရန် လိုပါသည်။ ကွန်ပျူတာ ဖန်သားပြင်ကိုလည်း ဦးခေါင်းမော့၍၊ ငုံ့၍ကြည့်ရခြင်း ကင်းရန် လိုပါ သည်။ သို့မှသာ ခါးရိုး၊ ပခုံးနှင့် လည်ပင်းကို ထောက်ပံ့ထားသော ကြွက်သားများညောင်းညာခြင်း ကင်းဝေးမည်ဖြစ်ပါသည်။ နေထိုင်ပုံ စနစ်မကျခြင်းကြောင့် ဇက်ကြောတက်ခြင်း၊ ခေါင်းမူးခြင်း၊ လက်မောင်း ကြွက်သားများနာခြင်းတို့ဖြစ်နိုင်သည်။ တစ်နေကုန် ကွန်ပျူတာရိုက်ပြီး ညနေပိုင်းတွင် အထူးသိသာပါသည်။ ဇက်တွေညောင်း၊ ခေါင်းတွေမူး ဖြစ်ကြသည်။ ထို့ကြောင့် ကြားထဲမှာအချိန်ပေးပြီးနား၍ လည်ပင်း လေ့ကျင့်ခန်း၊ ခေါင်းလှည့်လေ့ကျင့်ခန်းတွေလုပ်ပေးကြရန်လိုအပ်ပါ သည်။ အသေးအဖွဲကိစ္စလေးများက ရေရှည်ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပါသည်။

ရပ်ရွာတွေထဲမှာ တွေ့ဖူးပါသည်။ အလေးအပင်မ,ကြ၊ ထမ်းကြ နှင့် အလုပ်လုပ်ရသောသူတွေ အများကြီးရှိပါသည်။ ဝန်နှင့်အားမမျှ အောင် ထမ်းကြရွက်ကြသည်။ တချို့က အလုပ်အမြန်ပြီးလိုဇောနှင့် အလေးကြီးကို တစ်ခါတည်းသယ်ဆောင်ရန် ကြိုးစားကြသည်။ တစ်နိုင် ကိုသာ သယ်ဆောင်သင့်ပါသည်။ ထိုအလေးအပင် မသူ သယ်သူ အလုပ်သမားကြီးများသည် တော်တော်ကြာတော့ ခါးနာလာသည်။ ခါးနာတော့ သာမန်အလေးအပင်ကို သယ်ရန်ထားတော့ ကိုယ့်ခန္ဓာ ကိုယ်သယ်ရသည်ကိုပင် ခါးကနာလာသည်။ စာရေးသူ၏ မိတ်ဆွေ တစ်ဦးသည် အတော်လေးသော အထုပ်တစ်ထုပ်ကို ကုန်း၍ကောက် လိုက်ရာ ခါးထဲက ဗြစ်ခနဲဖြစ်ပြီး ခါးနာသွားရာ ပြန်၍ မမတ်နိုင် တော့ပါ။ ထိုအချိန်မှစ၍ ခါးနာမှုမပျောက်တော့ဘဲ နှောင်တွင် အလေး အပင် အနည်းငယ်မ,မိရုံဖြင့်ပြန်နာပါသည်။ ဘာမျှ မ, မရဲတော့ပါ။ တကယ်တော့ အလေးအပင်မလျှင် ကုန်းပြီးတစ်ခါတည်း မလိုက်မည့် အစား အောက်သို့ထိုင်ချလိုက်ပြီး ပစ္စည်းကိုကောက်ယူ၍ ခါးကို မတ်မတ်ထားကာ တစ်ခါတည်း ပြန်ထခဲ့ပါက ယခုကဲ့သို့ ခါးနာ ဝေဒနာ ခံစားရမှာမဟုတ်ပါ။

ဒါ့ကြောင့် ဆေးပညာလောကတွင် Posture ခေါ်ပုံစံ၊ နေ့စဉ် ထိုင်ပုံ၊ ရပ်ပုံ၊ လှုပ်ရှားသွားလာပုံတို့ကို အကြောင်းပြုသော ရောဂါများမှ ကာကွယ်ရန် သင်ကြားပို့ချလာကြသည်။ လုပ်ငန်းခွင်များအတွင်း အရိုးအဆစ်များ၊ ကြွက်သားများ၊ အရွတ်များကို မထိခိုက်စေဘဲ သက်သောင့်သက်သာ ပုံစံတကျ အလုပ်လုပ်နိုင်စေရန် စားပွဲနှင့် ကုလားထိုင်၏ အနိမ့်အမြင့်များ၊ ကွန်ပျူတာစားပွဲနှင့် ကုလားထိုင်များ ပုံမှန်အသုံးပြုနိုင်၍၊ လုပ်ငန်းခွင်တွင် ခါးကိုကုန်းပြီး လုပ်ရမည့်အစား ထိုင်ပြီးလှုပ်ရှား၍ ရစေရန်အတွက် အသိပညာ ပေးလာကြသည်။ အလုပ်ထဲမှာ၊ ရုံးမှာတင်ပြောတာမဟုတ်ပါဘူး၊ အိမ်မှာလည်း အလုပ် လုပ်တဲ့အခါ ဒီအချက်တွေကို သတိပြုရှောင်ရှားကြရမှာဖြစ်ပါသည်။ အများအားဖြင့် လုပ်ငန်းခွင်တွေထဲမှာ ဖြစ်တာမဟုတ်ဘဲ အိမ်မှာပဲ အိမ်မှုကိစ္စတွေကို ဆောင်ရွက်ရင်း အမှတ်မထင်ဖြစ်ကြတာ ဖြစ်ပါသည်။

စာရေးသူကိုးကွယ်သော ဆရာတော်တစ်ပါးထံရောက်သွားရာ ဆရာတော်သည် ထိုင်နေရာမှ ထလျှင်တော်တော်နှင့်မထနိုင်ဘဲ ဘေးကို လက်ထောက်ပြီးမှ ထရတာကိုတွေ့ရပါသည်။ လမ်းလျှောက်တော့လည်း ထော့နဲ့ထော့နဲ့ ဖြစ်နေပါသည်။ ဆရာတော်က တော်တော်လေးလည်း ဝလာပါသည်။ ဆရာတော်က ထိုင်နေရာက ရုတ်တရက်ထလိုက်မှ ဒူးထဲက ဗြစ်ခနဲဖြစ်ပြီး ယခုလိုဖြစ်နေတာ ကြာပြီလို့ပြောပါသည်။ ဆရာဝန်ကြီးများထံသွားပြရာ ကိုယ်အလေးချိန် လျှော့ဖို့ပြောကြောင်း သိရပါသည်။ ဤသည်မှာလည်း ဒူးနှင့်ကိုယ်အနေအထား မမှန်ခင်မှာ ထရပ်လိုက်၍ နာသွားခြင်းဖြစ်ပါသည်။

ကိုယ်ခန္ဓာထဲမှာရှိတဲ့ အရိုးများမှာ ခန္ဓာကိုယ်တည်ဆောက်ဖို့ အတွက် အတွင်းခံပစ္စည်းဖြစ်ပါသည်။ အိမ်တစ်အိမ်ဆောက်မယ်ဆိုလျှင် တိုင်၊ အချင်၊ ထုပ်၊ လျောက် စတဲ့ ပစ္စည်းတွေနှင့် တူပါသည်။ တိုင် တစ်ခုနဲ့တစ်ခုကို သံရိုက်မယ်၊ ဇလီသတ်မယ် စတဲ့ နည်းတွေနဲ့ ဆက်တွယ်ထားပါသည်။ လူ့၏ကိုယ်ထဲက အရိုးတွေကတော့ အဆစ် တွေနဲ့ဆက်ထားပါသည်။ အဆစ်တွေမှာလည်း ပခုံးရိုး၊ တင်ပါးဆုံရိုး တို့ကတော့ အရိုးခွက်နဲ့ နောက်အရိုးရဲ့ ထိပ်ဖုလုံးနဲ့ ဆက်တာဖြစ်ပြီး လှည့်လို့ရတဲ့ အဆစ်ဖြစ်ပါသည်။ တံတောင်ဆစ်တို့၊ ဒူးဆစ်တို့ကတော့ ပတ္တာလိုခေါက်လို့ရတဲ့ အဆစ်များဖြစ်ပါသည်။ ကျောရိုးမကြီးကတော့ ဝါးဆစ်လို အရိုးတစ်ခုနဲ့တစ်ခု ထပ်ဆက်ထားတာဖြစ်ပြီး တစ်ရိုးပေါ်မှာ တစ်ရိုး လှည့်လို့ရတဲ့အဆစ်များ ဖြစ်ပါသည်။ မည်သည့်အဆစ်ပင် ဖြစ်ဖြစ် အပြင်ဘက်၌ အရွတ်ဖြင့် ဖုံးထားပါသည်။ အဲဒီအပေါ်ကမှ ကြွက်သားတွေအုပ်ထားပါသည်။ ကြွက်သားက တစ်ဖက်က အရိုးတစ်ခု က စထွက်လာပြီး အခြားတစ်ဖက်က နောက်အရိုးတစ်ခုပေါ်မှာ တွယ် ထားပါသည်။ အဲဒီကြွက်သားကျုံ့တဲ့ ဆန့်တဲ့အပေါ်မှာလိုက်ပြီး အဆစ် က လှုပ်ရှားပါသည်။ ထို့ကြောင့် လူတို့ အကွေးအဆန့် အထိုင်အထ တွေမှာ ကြွက်သားက သူ့ပုံမှန်ပုံစံအတိုင်းမဟုတ်တဲ့ အနေအထားနဲ့ ကြွက်သား ကျုံ့တာဆန့်တာဖြစ်သွားလျှင်၊ အရွတ်တွေကို ဆွဲဆန့်လိုက် သလို ဖြစ်သွားလျှင် နာသွားပြီး ဒဏ်ဖြစ်သွားတတ်ပါသည်။ ဒါကြောင့် နေ့စဉ်လှုပ်ရှားသွားလာတဲ့ကိစ္စတွေမှာ အဆစ်တွေ လှုပ်ရှားနေရတာမို့ ပုံသဏ္ဌာန်တွေမှန်ဖို့အရေးကြီးပါသည်။ သို့ဖြစ်၍ နေ့စဉ်လှုပ်ရှားသွားလာ နေထိုင်မှု ဟန်ပန်တွေကလည်း စနစ်ကျ လှပစေသကဲ့သို့ ကျန်းမာမှုကို အထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

လူတို့ အကွေးအဆန့် အထိုင်အထတွေမှာ ကြွက်သားက သူ့ပုံမှန်ပုံစံ အတိုင်း မဟုတ်တဲ့ အနေအထားနဲ့ ကြွက်သား ကျုံ့တာဆန့်တာဖြစ်သွားလျှင်၊ အရွတ်တွေကို ဆွဲဆန့်လိုက်သလို ဖြစ်သွားလျှင် နာသွားပြီး ဒဏ်ဖြစ်သွားတတ်။

အမရပူရ မဟာဂန္ဓာရုံတိုက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအင်ကြင်းမြိုင်ရိပ်သာနေ အလှူရှင် ဒေါက်တာသာရင်မြတ်-ဒေါ်နွယ်နွယ်အေး၊ သမီး ချော့စုမြတ်မိသားစုတို့က မန္တလေးမြို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံတိုက်ရှိ မဟာနာယက နာယက၊ စာသင်စာချသံဃာတော် ၁၆၃ ပါးတို့အား အဠမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မဟာဂန္ဓာရုံတိုက်ရှိ ချော့မြတ်နွယ်သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်သည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက မဟာဂန္ဓာရုံတိုက် မဟာနာယက နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအရှင်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖွားချီးမြှင့်တော်မူပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင်မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်မိသားစု၊ အခမ်းအနားတက်ရောက်လာကြသော ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် မဟာဂန္ဓာရုံတိုက် မဟာနာယက နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ထံမှ အနုမောဒနာနှင့် ရေစက်ချတရားကို နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုနှင့် ဧည့်သည်တော်များသည် စာသင်စာချဆရာတော် ၁၅၈ ပါးတို့အား ဝါဆိုသင်္ကန်းများကပ်လှူပူဇော်ကြသည်။**(အပေါ်ပုံ)**

မစိုးရိမ်တိုက်သစ်

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် အလှူရှင်ဒေါက်တာသာရင်မြတ်-ဒေါ်နွယ်နွယ်အေး၊ သမီး ချော့စုမြတ်တို့က မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် တိုက်သုံးတိုက်ရှိ နာယက၊ စာချစာသင်သံဃာတော် ၂၉၀၀ ပါးတို့အား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ဒလမြို့နယ် အမကကျောင်းများသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ဦးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ်ခနုတ်စံပြကျေးရွာသို့ နံနက်၈နာရီတွင် ရောက်ရှိပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပိဋကောလအမှူးရှိသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ကျေးရွာလယ်မြေများ၌ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါသည် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ထိုင်ခုံနှင့် စာရေးခုံတွဲလျက် စာသင်ခုံ၁၀ခုံ၊ ငွေကျပ်တစ်သိန်းနှင့် ကျောင်းဝတ်စုံများကိုမြို့နယ်ပညာရေးမှူးဦးသန်းလှိုင်နှင့်ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းသားကျောင်းသူကလေးငယ်များအား ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စား တိုင်းအလုပ်အမှုဆောင်ဦးအောင်မြိုင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင်၄၀၊ ကျောင်းဝတ်စုံ အစုံ၂၀နှင့် ခဲတံ ၂၁ဒါဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်က ကျောင်းဝတ်စုံ ၇၄စုံ၊ တမီလ်ယဉ်ကျေးမှုစာသင်ကျောင်းဥက္ကဋ္ဌဦးမောင်လှကြီးက ကျောင်းသုံးဗလာစာအုပ် ဒါဇင်၅၀၀နှင့် စာရေးကိရိယာ အစုံဒါဇင်၅၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးဦးသန်းလှိုင်က လက်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အခြေခံမူလတန်းကျောင်းများသို့ စာသင်ခုံ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲတွင် ငွေကျပ် တစ်သိန်းကို ဒလမြို့နယ် ပညာရေးမှူး ဦးသန်းလှိုင်ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စတစ်ကာကပ်ယာဉ်၊ဘေးတွယ်ယာဉ်နှင့်အပြိုင်လုမောင်းသည့်ယာဉ်များအား ထိရောက်စွာအရေးယူ၊ ယာဉ်တိုက်မှု လျော့နည်းရေးဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကား ပြောကြားရာတွင် စတစ်ကာကပ်ထားသည့် မော်တော်ယာဉ်များကို ထိထိရောက်ရောက် အရေးယူကြစေလိုကြောင်း၊ ယာဉ်ကြံ့ခိုင်မှု ရှိစေရေးနှင့် မီးခိုးအလွန်အကျွံ ထွက်သည့်ယာဉ်များ၊ ဘေးတွယ်ယာဉ်များနှင့် အပြိုင်အဆိုင် လုမောင်းသည့် ယာဉ်များကို ထိထိရောက်ရောက် အရေးယူကြပ်မတ်ကြစေလိုကြောင်းနှင့် ယာဉ်တိုက်ခိုက်မှုတစ်ပတ်ထက် တစ်ပတ်လျော့နည်းကျဆင်းအောင် တာဝန်ရှိသူများ၊ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့်ယာဉ်မောင်းများက ဝိုင်းဝန်း ကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာသူများက စီမံဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် မော်တော်ယာဉ်များကို စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းပံ့ပိုး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၆
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ တစ်ခေါက်
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Music Talk (Hip Hop) (ကောင်းထက်ဇော်၊ နေထက်ဇော်ဝင်း၊ ခွန်ဆိုင်း)
၈း၀၅	မိုးလေဝသခန့်မှန်းချက်
၈း၁၀	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမ သန်းမြင့်အောင်)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	မြန်မာ့မြေအောက် သယံဇာတများ ရှာဖွေနှင့် ခဲမဖြူ သတ္တုတူးဖော်ရေးလုပ်ငန်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	သစ်သီးဝလံ ပေါပြည့်ဝေဆာတို့မြေမှာ (မာလကာသီး)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ဗိုလ်မြတ်ထွန်းတံတား
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်း စိုးသော်တာနှင့် တွေ့ဆုံခြင်း)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ဆီးသီး၏ အသုံးဝင်မှုများ
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၁၁း၂၀	ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု (ခင်ဘုဏ်းနှင့် သူ၏ အနုပညာခရီးလမ်း)
၁၁း၅၀	အကအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြို့ဦးစေတီဘူတာရုံဓမ္မရိပ်သာကျောင်းတိုက် ဝါတွင်းကာလတရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၆

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယအောင်ချမ်းသာ ဆရာတော် အရှင်စန္ဒသူရိယသည် ဇူလိုင် ၂၀ရက်မှ ၂၄ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် မြို့ဦးစေတီဘူတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ ဝါတွင်းကာလ ပထမအကြိမ် တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ အိပ်ရာလိပ်နှင့် အသုံး အဆောင်ပစ္စည်းများ မိမိတို့အစီအစဉ်ဖြင့် ယူဆောင်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပထမအကြိမ် ဗန်တို (အတိုက်) ပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သန်းဟန် အဖွင့် အမှာစကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

ယှဉ်ပြိုင်

ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲတွင် အမျိုးသမီး ၄၅-၄၉ ကီလိုတန်း ပြိုင်ပွဲတွင် (ဝဲမှယာ)**နွယ်နီကျော်ဝင်း(ရကတ)နှင့် အိမွန်ဖော် (ကာကွယ်ရေး-က)အသင်းတို့ ဤသို့ အကြိတ် အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။**

(အဆိုပါ ပြိုင်ပွဲ၌ နွယ်နီကျော်ဝင်း (ရကတ)က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။)

(မြန်မာ့အလင်း)

ပထမအကြိမ်ဗန်တို(အတိုက်)ပြိုင်ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၁၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် ပြိုင်ပွဲဝင် ဗန်တိုအားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အားကစားသမားများ အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က အဖွင့် အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

စည်းစည်းလုံးလုံး

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အနေဖြင့် ပထမအကြိမ် ဗန်တို(အတိုက်) ပြိုင်ပွဲကျင်းပရသည့် အဓိကရည်ရွယ်ချက်များမှာ မြန်မာ့သိုင်းပညာသည်

သတင်း၊ ဓာတ်ပုံမြင့်ကွင်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်တိုက်ခိုက်မှု ပညာရပ်တစ်ခုအဖြစ် အပြည့်အဝ ဖော်ဆောင်ရန်၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ သိုင်းပညာရှင်များ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရန်နှင့် သိုင်းပညာများ ပူးပေါင်းဖလှယ်နိုင်ရန်၊ မြန်မာ့ သိုင်းပညာ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရေးအတွက် အပြည့်အဝအထောက် အကူပြုရန်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ မြန်မာ့သိုင်းပညာဆိုင်ရာ လမ်းညွှန်မှုအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်၊ ဗန်တို ပညာ ရပ်ကို ပြည်သူလူထုအတွင်း စိမ့်ဝင်ထိုးဖောက်ပြီး တိုက်ခိုက်မှုပညာ ရပ်တွေနှင့် အဆင့်အမြင့်ဆုံးပညာရပ် ဖြစ်ကြောင်း သိမြင်လာစေရန်နှင့် ဗန်တို(အတိုက်) ပြိုင်ပွဲများ ကျယ်ကျယ် ပြန့်ပြန့် တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။

အခမဲ့

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၀သင်းမှ ဗန်တို(အတိုက်)ပြိုင်ပွဲဝင် အားကစား မောင်မယ် ၇၆ဦး ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။ မြန်မာ့ကိုယ်လုံပညာ ဗန်တို (အတိုက်)ဝါသနာရှင်များအနေဖြင့် ဇူလိုင် ၂၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ စတင်၍ ကျင်းပလျက်ရှိသည့် ဗန်တို(အတိုက်) ပြိုင်ပွဲများကို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲ ကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာ တိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အမှိုက်စွန့်ပစ်မှု စနစ်တကျဖြစ်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လသာမြို့နယ် ၂၄လမ်း(အထက်ဘလောက်) သိမ်ကြီးဈေး (ဒီ) ရုံ မျက်နှာစာတန်းဆိုင်ခန်းများရှေ့တွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ် လျက်ရှိရာ ၎င်းအမှိုက်များကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ ကျန်းမာ ရေးထိခိုက်နေပါ၍ အမှိုက်များစည်းကမ်းတကျ စွန့်ပစ်စေရေး အတွက် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ဈေးသားများ

ဖားဂရာဆိပ်က ဈေးဆိုင်များဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဖားဂရာဆိပ်ကမ်း၌ ကုန်တင် ကုန်ချ ကားကြီးများမှာ မြေနိမ့်ပိုင်း တွင် အတင်၊ အချပြုလုပ်ရပြီး ကုန် အပြည့်ဖြင့် မောင်းတက်ရာတွင် လည်း ကောင်း၊ မောင်းဆင်းရာတွင် လည်း ကောင်းလှေဆိပ်အဝတွင် ရောင်းချနေ သော ထမင်းဆိုင်၊ကွမ်းယာဆိုင်များ ကြောင့် လွတ်လွတ်လပ်လပ်မောင်းနှင် နိုင်ခြင်း မရှိဘဲ သွားလာရေး ခက်ခဲ လျက် ရှိပါသည်။ ၎င်းဆိုင်များသည် ခုံကြီးများချ၍ ရောင်းချလျက်ရှိရာ ယာဉ်အန္တရာယ် ဖြစ်နိုင်ပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလိုဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်ဦး

ရထားလမ်းအနီးမှဈေးဆိုင်များ ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

မန္တလေးတိုင်း အမရပူရမြို့ သိမ်ကြီးဈေးအရှေ့ဘက်ရှိ မန္တလေး-မြစ်ကြီး နား ရထားလမ်းဘေးတစ်လျှောက်တွင် ဈေးဆိုင်များသည် ကိုက် ၃၀၀ခန့်အထိ ကျူးကျော်ရောင်းချနေပါသည်။ ယင်းကဲ့သို့ရောင်းချမှုကြောင့် လူသွားလမ်းများ ပိတ်ဆို့နေပြီး ရထားတိုက်မည့်အန္တရာယ်နှင့်ကြုံတွေ့နိုင်ပါ၍ ယင်းဆိုင်များကို ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

ဘေးနှင့်မကြုံတွေ့လိုသူ

လျှပ်စစ်ကြိုးနှင့်ထိနေသော သစ်ကိုင်းအန္တရာယ်

စာတည်းရှင့်-

အလုံမြို့နယ် အောက်ကြည့်မြင် တိုင်လမ်း ပ-သီရိရိပ်သာနှင့် ဒ-သီရိ ရိပ်သာကြား ဓာတ်တိုင်ခြေရင်းရှိ သစ်ပင်မှသစ်ကိုင်းများမှာ လျှပ်စစ်မီး ကြိုးများအား ဖုံးအုပ်လျက်ရှိပါသည်။ လေတိုက်သည့်အခါ မီးပွားများပွင့် ထွက်၍ လျှပ်စစ်အန္တရာယ် စိုးရိမ်ရပါ သဖြင့် အဆိုပါသစ်ကိုင်းများအား ဖယ် ရှားပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်စိုးရိမ်သူ

မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းရှင့်-

သာကေတမြို့နယ် ၄ ရပ်ကွက် (တောင်ပိုင်း) မြို့မလမ်းနှင့် အောင် မေတ္တာ လမ်းထောင့်တွင် ကျူးကျော် နေအိမ်တဲများရှိရာ ၎င်းနေအိမ်များ ထဲမှ နေအိမ်တစ်လုံးသည် မကြာသေး မီက မီးလောင်မှုဖြစ်ပွားခဲ့ပါသည်။

သို့ပါ၍အလားတူ မီးဘေး အန္တရာယ် စိုးရိမ်ရပါသဖြင့် နေအိမ် တဲများအား ရှင်းလင်းဖယ်ရှား ပေးပါ ရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကျောင်းရှေ့အမှိုက်ပုံမှ အနံ့ဆိုးထွက်နေ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် လေးဒေါင့်ကန်လမ်း မကြီးနှင့်ဗန္ဓုလလမ်းထောင့် (အထက -၁) ကျောင်းရှေ့အမှိုက်ပုံမှ အနံ့ဆိုး များထွက်ခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်း၊ လမ်းများပိတ်ဆို့ခြင်းများ ကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ ကျန်းမာရေးထိခိုက်လျက် ရှိပါသဖြင့် ယင်းအမှိုက်ပုံအား ဖယ်ရှားပေးပါရန် တင်ပြ အပ်ပါသည်။ **(အောက်ပုံ)**

အမြင်မတော်သူ

လူနေအိမ်များအနီးမှ အမှိုက်ကန်ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ (၆)လမ်းထိပ်ရှိ အမှိုက်ကန်တစ်ကန် သည်အိမ်များနှင့် နီးကပ်စွာတည်ရှိပြီး အမှိုက်များ ပြည့်လျှံ၍ အနံ့ဆိုးများ ထွက်လျက်ရှိသည့်အပြင်လေတိုက်တိုင်း လမ်းမပေါ်တွင် အမှိုက်များပြန့်ကျဲလျက် ရှိပါသည်။ အဆိုပါအမှိုက်ကန်အား သက်ဆိုင်ရာမှရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

သုမိတ္တာလမ်းသား

အသံချဲ့စက်သံ နားမခံသာ

စာတည်းခင်ဗျား-

ပြည်ခရိုင် ပေါင်းတည်မြို့နယ် မဲခေါင်းအုပ်စု အင်တိုင်ဇင်းရွာ၌ ဗီဒီယို ရုံတစ်ရုံသည် တစ်နေ့သုံးကြိမ် ပြသလျက်ရှိရာ အသံချဲ့စက် အကြီး လေးလုံးဖြင့် အသံ မြှင့်၍ဖွင့်နေသည့် အတွက် နားမခံသာအောင် နေ့စဉ် ကြုံတွေ့နေရပါသောကြောင့် လိုအပ် သလိုကြပ်မတ်ပေးပါရန် တင်ပြအပ် ပါသည်။

နားမခံသာသူ

အောင်ဇေယျတံတား ချဉ်းကပ်လမ်းမီးလင်းစေချင်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်း(အောင်ဇေယျတံတားချဉ်းကပ် လမ်း)ပေါ်တွင် ယခင်က လမ်းမီးများ ထွန်းထားသော်လည်း ယခုအခါ လမ်းမီးများ ပြတ်နေပါသည်။ ညအချိန် ယာဉ်အန္တရာယ်ဖြစ်နိုင်သည့်အပြင် လမ်းသွားလမ်းလာများအား ဒုစရိုက်မှုများကျူးလွန် နိုင်ပါသဖြင့် လမ်းမီးများ ပြန်လည်လင်းစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းမီးလင်းစေချင်သူ

ဂျူဗင်းတပ်စ် စီးရီးအေ ပြန်ရောက်ရန်မလွယ် နည်းပြသစ် ဒက်ရှံချမ့်စ် မှတ်ချက်ပြုပြောကြား

ရေးသားတင်ပြသူ - မြင့်မောင်စိုး

ရောမ ဇူလိုင် ၁၆

အပြစ်ပေးခြင်းခံရသော ဂျူဗင်းတပ်စ်အသင်းသည် ပထမဆုံးအကြိမ်ကြိုးစားမှုဖြင့် စီးရီးအေသို့ ပြန်ရောက်နိုင်ရန် လုံးဝဖြစ်နိုင်တော့မည် မဟုတ်ကြောင်း ဂျူဗင်းတပ်စ်နည်းပြ ဒက်ရှံချမ့်စ်က မှတ်ချက်ပြု ပြောကြားလိုက်သည်။

လာမည့် ဘောလုံးရာသီတွင် ရမှတ် ၃၀ အလျှော့ခံရခြင်းကြောင့် ပို၍ ဖြစ်နိုင်စရာ အကြောင်းမရှိဟု ၎င်းက ဆိုလိုက်သည်။



ဂျူဗင်းတပ်စ်

နည်းပြ

ဂျူဗင်းတပ်စ် နည်းပြ ဒက်ရှံချမ့်စ်။ (ဓာတ်ပုံ- အင်တာနက်)

လျှော့ချခံရမည်

ဂျူဗင်းတပ်စ်အသင်းသည် လုပ်ပွဲကစားခဲ့၍ အပြစ်ပေး အရေးယူခံခဲ့ရကာ စီးရီးဘီသို့ အဆင့်လျှော့ချခံရသည့်အပြင် လာမည့်ရာသီတွင် ရမှတ် ၃၀လည်း အလျှော့ခံရမည်ဖြစ်သည်။

ဂျူဗင်းတပ်စ်အသင်းသည် တစ်နှစ်မျှ ကြိုးစားရုံဖြင့် စီးရီးအေ ပထမတန်းသို့ ပြန်ရောက်ရှိရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်သို့ ဂျူဗင်းတပ်စ်နည်းပြဟောင်း ဖာဘီယိုကာပယ်လာ ပြောင်းသွားပြီးနောက် နည်းပြအဖြစ် ရွေးချယ်ခံရသော ဒက်ရှံချမ့်စ်က ပြောကြားလိုက်သည်။

ထိုအတောအတွင်း ဂျူဗင်းတပ်စ် ဥက္ကဋ္ဌသစ် ကိုဘောလီဂျီလ်လီကလည်း နာမည်ကြီး ကစားသမားများအသင်းမှ နုတ်ထွက်သွားခဲ့လျှင် စီးရီးဘီတွင် ဦးဆောင်အသင်းဖြစ်ရန် လွယ်ကူလိမ့်မည်မဟုတ်ကြောင်းလည်း ဂျူဗင်းတပ်စ်ပရိသတ်အား ကတိခံစကားပြောကြားလိုက်သည်။

ဆက်နေမည်

သို့ရာတွင် အရေးကြီးသော ကစားသမားများ ဂျူဗင်းတပ်စ်တွင် ဆက်လက်၍ နေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယုံကြည်

၎င်းက ဂျူဗင်းတပ်စ်အသင်း တန်းချခံရခြင်းကို လျှောက်လွှဲချက်တင်မည်ဖြစ်ရာ အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားသည်။ ထိုလျှောက်လွှဲချက်သည် အောင်မြင်မှုရရန်အကြောင်း ရှိကြောင်းလည်း ၎င်းတို့၏ရှေ့နေများက ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

မန်ယူ၌ ဂိုးသမား ဗန်ဒါဆာ ဆက်လက်နေရာယူမည်

လန်ဒန် ဇူလိုင် ၁၆

မန်ယူဂိုးသမား ဗန်ဒါဆာအား တစ်နှစ်စာချုပ် တိုးချဲ့သွားရန် မန်ချက်စတာယူနိုက်တက်အသင်းက ကမ်းလှမ်းထားသည်။

စာချုပ်သက်တမ်းကုန်ဆုံး

အသက် ၃၅နှစ် အရွယ်ရှိ နယ်သာလန်ဂိုးသမား ဗန်ဒါဆာသည် လွန်ခဲ့သော ဘောလုံးရာသီအစတွင် ဖူဟမ်အသင်းမှ မန်ယူသို့ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် လာမည့်နွေရာသီတွင် အိုးထရက်ဖို့ဒ်၌ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မိမိတို့အနေဖြင့် ဗန်ဒါဆာ၏ အသက်အရွယ် အရသော်လည်းကောင်း၊ လာမည့်နှစ် အခြေအနေပေါ်မူတည်၍လည်းကောင်း ၎င်းအား မန်ယူက ဆက်လက်၍ နေရာပေးသွားမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

သက်သေပြနိုင်သူ

၁၉၉၉ခုနှစ်က ပီတာရှမိုက်ကယ် မန်ယူမှအနားယူသွားပြီးနောက် ဗန်ဒါဆာသည် မန်ယူတွင်အကောင်းဆုံးဂိုးသမားအဖြစ် သက်သေပြနိုင်ခဲ့သူဖြစ်သည်။

မန်ယူဂိုးသမား ဗန်ဒါဆာ။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံးကစားပြ

ဘားသက်ဇ်၊ ဘော့စနစ်နှင့် တင်ဟောင်းဝပ်တို့သည် မန်ယူဂိုးသမား နေရာကို ရယူရန် ကြိုးစားခဲ့သော်လည်း ဗန်ဒါဆာက အကောင်းဆုံး လက်စွမ်းပြခဲ့ခြင်းဖြင့် ၎င်း၏နေရာကို ကာကွယ်နိုင်ခဲ့သည်။

(အင်တာနက်)

ပြင်သစ်နိုင်ငံပတ် ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ စပိန်မှ ပီယာရို ဦးဆောင်ယှဉ်ပြိုင်

ပြင်သစ်နိုင်ငံပတ် ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် အကြိတ်အနယ် ပြိုင်ပွဲဝင်နေကြသော ပြိုင်ပွဲဝင်နှစ်ဦး။

(ဓာတ်ပုံ-အင်တာနက်)

ပါရီ ဇူလိုင် ၁၆

ပြင်သစ်နိုင်ငံပတ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို အဆင့် ၂၀ ဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိရာ ၁၃ဆင့်ယှဉ်ပြိုင်ကစားအပြီး စပိန်မှ အော်စကာပီယာရိုက နာရီပေါင်း ၅၉နာရီ ၅၀မိနစ် ၃၄စက္ကန့်ဖြင့် ပြိုင်ဘက်များကို ဦးဆောင်နေသည်။

အမေရိကန်မှ ဖလွိုက်လန်းဒစ်က ဒုတိယနေရာမှ လိုက်နေပြီး ပြင်သစ်မှဒစ်ဆဲလ်က တတိယနေရာမှ လိုက်နေသည်။ သို့ရာတွင် အဆင့်၁၃ ပြိုင်ပွဲတွင် ဂျာမနီမှ ဂျင်းစ်ဗွိုက်က ၅ နာရီ ၂၄မိနစ် ၃၆စက္ကန့်ဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။ ၎င်းသည် ၂၃၁ကီလိုမီတာဝေးသောခရီးကို အဆိုပါစံချိန်ဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။

စက်ဘီးအားကစားသမား ၂၀ကျော်ပါဝင်

အဆိုပါ အဆင့် ၁၃ပြိုင်ပွဲသည် ယခုနှစ်၏ ခရီးအရှည်ဆုံးပြိုင်ပွဲဖြစ်သည်။ ဂျာမနီ၊စပိန်၊ ပြင်သစ်၊ အီတလီ၊ ယူကရိန်း၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ အမေရိကန် စသော နိုင်ငံများမှ နာမည်ကြီး စက်ဘီးအားကစားသမား ၂၀ကျော် ပါဝင်သည်။

ပြင်သစ်နိုင်ငံပတ် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲသည် ကမ္ဘာပေါ်တွင် ခရီးအရှည်ဆုံးပြိုင်ပွဲကြီးတစ်ရပ် ဖြစ်သည်။

ခုနစ်နှစ်ဆက်တိုက်ဗိုလ်စွဲ

ယမန်နှစ်က အဆိုပါခရီးရှည် စက်ဘီးပြိုင်ပွဲသည် အဆင့်ပေါင်း ၂၁ဆင့်ရှိခဲ့သော်လည်း ယခုနှစ်တွင် အဆင့် ၂၀ သာ ယှဉ်ပြိုင်လျက်ရှိသည်။ ပြီးခဲ့သောနှစ်က အမေရိကန်မှ အမ်စထရောင်းသည် အဆိုပါ ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် ခုနစ်နှစ်ဆက်တိုက် ဗိုလ်စွဲပြီး စက်ဘီးစီးအားကစားသမားဘဝမှ အနားယူခဲ့သည်။ (အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲ သတင်းရိုက်ခတ်မှုများ

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

အင်္ဂလန်အသင်း နောက်ခံလူ ဂျွန်တယ်ရီ။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် ပတ်သက်သော သတင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ရရှိသည့် သတင်းအချက်အလက်များကို စုစည်းဖော်ပြလိုက်ပါသည်။

ဂျာမနီနည်းပြအဖြစ် ဂျိုရာချန်လူးကို အစားထိုးဖွယ်ရှိ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဂျာမနီအသင်း ကမ္ဘာ့ဖလားရယူရေး အိပ်မက်ပျက်ခဲ့ရပြီး တတိယဆုနှင့်သာ ကျေနပ်ခဲ့ရသောအဖြစ်နှင့် ရင်ဆိုင်ခဲ့ရသည့် ဂျာမနီနည်းပြကလင်းစမန်းသည် ကမ္ဘာ့ဖလားပွဲအပြီး နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။

ကလင်းစမန်း၏ နေရာတွင် လက်ထောက်နည်းပြ ဂျိုရာချန်လူးအား အစားထိုးရန် အလားအလာရှိကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။ ဂျိုရာချန်လူးသည် ဂျာမနီအသင်းကို အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ရှိအောင် ဆက်လက်ဆောင်ကြဉ်းပေးမည့်သူတစ်ဦးဟု ယုံကြည်ကြောင်း ဂျာမနီမီဒီယာများကလည်း ဖော်ပြထောက်ခံခဲ့ကြသည်။

အသက် ၄၆နှစ် အရွယ်ရှိ ဂျိုရာချန်လူးသည် စတုဂတ်အသင်း နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ဥရောပဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်ကာ ဩစတြီးယားရှိ ဗီယင်နာအသင်းနှင့် တူရကီရှိ ဖီနာဘာချီအသင်းတို့တွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းအနာဂတ်မှန်းဆ၍မရဟု တယ်ရီပြောကြား

အဲရစ်ဆင်နည်းပြအဖြစ် တာဝန်ယူခဲ့သော အချိန်ကာလများတွင် အင်္ဂလန်အသင်း အောင်မြင်မှုမရှိသလို နောက်ထပ်နည်းပြများလက်ထက်တွင်လည်း အောင်မြင်မှုရမည် မရမည်ကို မည်သို့မျှမခန့်မှန်းကြောင်း၊ အင်္ဂလန်အသင်း၏ အနာဂတ်မသေချာကြောင်း အင်္ဂလန်နောက်ခံလူ တယ်ရီက ပြောကြားလိုက်သည်။

အင်္ဂလန်တို့ ကမ္ဘာ့ဖလား၌ အောင်မြင်မှုမရခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ အင်္ဂလန်အသင်းသားများအားလုံးစွမ်းရည်ပြည့်ဝသူများဖြစ်ကြောင်း၊ ငယ်ရွယ်သူများပြီး စည်းလုံးညီညွတ်မှုလည်းရှိကြောင်း၊ သို့ရာတွင် အောင်မြင်မှုမရခဲ့ကြောင်း တယ်ရီက ပြောကြားသည်။

အင်္ဂလန်နည်းပြ အဲရစ်ဆင် မကြာမီ နုတ်ထွက်ပါက လက်ထောက်နည်းပြ စတိဗ်မက်ကလာရင်က အင်္ဂလန်နည်းပြ တာဝန်ယူဖွယ်ရှိနေသည်။

ချယ်လ်ဆီးနောက်ခံလူ ဒယ်ဟော်နို။

ကလင်းစမန်း(ဝဲ) ဂျိုရာချန်လူး(ယာ)။

စီရိုနယ်ဒို မိမိအား မည်သို့မျှမပြောခဲ့ကြောင်း ရွန်နေပြောပြီ

၂၀၀၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် အင်္ဂလန်နှင့်ပေါ်တူဂီအသင်းတို့ ကစားသည့်ပွဲ၌ မိမိအနေဖြင့် ပေါ်တူဂီမှ ကာဗယ်ဟိုအား မတော်တဆနင်းခဲ့မှုပေါ် စီရိုနယ်ဒိုက တစ်စုံတစ်ရာမပြောကြားခဲ့ပါကြောင်း စီရိုနယ်ဒိုဘက်မှနေ၍ ရွန်နေက ကာကွယ်ပြောကြားခဲ့သည်။

ဗီဒီယိုပြကွက်နှင့် မီဒီယာများတွင် ဖော်ပြထားသလို စီရိုနယ်ဒိုက မိမိအား ဒိုင်လူကြီးအနီကတ်ပြအောင် ဖိအားပေးပြောကြားခဲ့သည်ဟု ဆိုထားရာ ယင်းမှာ မဟုတ်မှန်ကြောင်း ရွန်နေက ပြောကြားသည်။

နှစ်ဖက်ကစားသမားများ ဝင်ထွက်ရာ ဥမင်လမ်းတွင်တွေ့ရာ၌ မိမိအား စီရိုနယ်ဒိုက ဖော်ကျွန်းအကြောင်း မေးခဲ့ကြောင်း၊ မန်ယူတွင် မိမိ၊ စီရိုနယ်ဒိုနှင့် ဖော်ကျွန်းတို့သည် သူငယ်ချင်းများဖြစ်ကြကြောင်း ရွန်နေက ပြောကြားလိုက်သည်။

မိမိတို့နှစ်ဦးစလုံး ယနေ့ပွဲ၌ ကံကောင်းပါစေဟု အပြန်အလှန်ဆုတောင်းခဲ့ကြကြောင်း၊ မိမိတို့နှစ်ယောက်အကြား တစ်စုံတစ်ရာ ပြဿနာမရှိပါကြောင်း ရွန်နေက ဆက်လက်ပြောဆိုသည်။

ချယ်လ်ဆီးနောက်ခံလူ ဒယ်ဟော်နိုကို ဗလင်စီယာ စိတ်ဝင်စားနေ

ချယ်လ်ဆီးနောက်တန်းကစားသမား ဒယ်ဟော်နိုကို စိတ်ဝင်စားနေကြောင်း ဗလင်စီယာအသင်းက အတည်ပြုပြောကြားလိုက်သည်။ ဗလင်စီယာကလပ် ဥက္ကဋ္ဌ ဂွန်ဆိုလာက အသက် ၂၅နှစ်အရွယ်ရှိ ဒယ်ဟော်နိုမှာ မိမိတို့လိုချင်နေသော နောက်တန်းခံစစ်မှူးတစ်ဦး၏ အရည်အချင်းနှင့် ကိုက်ညီလျက်ရှိသည်ဟု ပြောကြားသည်။

ဒယ်ဟော်နိုသည် ပြီးခဲ့သည့်နွေရာသီ၌ အက်သလက်တစ်ဘီလ်ဘာအိုအသင်းမှချယ်လ်ဆီးသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ၂၀၀၅-၂၀၀၆ခု ပရီမီယာလိဂ် ဘောလုံးရာသီ၌ ချယ်လ်ဆီးအတွက် ပွဲပေါင်း၂၅ပွဲ ကစားပေးထားခဲ့သူဖြစ်သည်။ ယခုအခါ ချယ်လ်ဆီးနောက်တန်း ဝဲဘက်အစွန်တွင် အမာခံလူအဖြစ် ပါဝင်ကစားလျက်ရှိသည်။

ဝီဂန်ကွင်းလယ်လူ ဖရန်စစ် ဝက်ဖို့ဒ်နှင့်စာချုပ်မည်

ယခုနှစ် ပရီမီယာလိဂ်သို့ တန်းတက်လာသော ဝက်ဖို့ဒ်အသင်းသည် ဝီဂန်အသင်းမှ ကွင်းလယ်လူ ဒါမိန်းဖရန့်စစ်ကို အသင်းပြောင်းရွှေ့ခ ယူရို ၁ ဒသမ ၅ သန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ပြီဖြစ်သည်။

အသက် ၂၇နှစ်အရွယ်ရှိ ဂျမေကာ နိုင်ငံတကာ ဘောလုံးသမား ဖရန်စစ်သည် အဆုံးသတ်ကောင်းမွန်သူဖြစ်ပြီး အသင်းအတွက် ကြီးမားသော အကျိုးကျေးဇူးကို ပြုပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ ။

(အင်တာနက်)

● **ကျောဖုံးမှ**

ရှေးဦးစွာ တိုင်းမှူးနှင့်ပရိသတ်တို့က အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့်ပဲများကို မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဗိုလ်မှူးကြီးချန်မောင်(လေ)တို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စေတနာရှင်ပြည်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒ ပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးရန်ဝင်း-ဒေါ်လွင်လွင်ဝေ (A-1ဆောက်လုပ်ရေးကုမ္ပဏီ)၊ TZTMကုမ္ပဏီ၊

(ယူနိုက်တက် ဝင်းနားအင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်)က ငွေကျပ်ခုနစ်သောင်း၊ ဦးဝင်းအောင်-ဒေါက်တာဒေါ်မိုးမြမြ (ဒဂုန်အင်တာနေရှင်နယ်လီမိတက်)က ငွေကျပ်သုံးသိန်း၊ ဧဒင်ကုမ္ပဏီ မိသားစုက ငွေကျပ်သုံးသိန်း၊ ဂိုးလ်ဒင်းဖလားဝါး ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ WHK ကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသိန်း၊ အရဏ်ဦးကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ တက်လမ်း ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ အက်စ်ပီဒင်ကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ ဦးအောင်ဇော်မြင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန

ဦးငြိမ်း-ဒေါ်အုန်းကြင်(OKဆန် ရောင်းဝယ်ရေး)၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေး၊ ဦးသန်းဝင်းဆွေ (IGE ကုမ္ပဏီ)၊ တက်လမ်းကုမ္ပဏီ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ဝန်ထမ်းမိသားစု၊ ဦးခင်မောင်ထွန်း၊ သား မောင်ထက်လင်း (ထက်လင်းဆေးတိုက်) သမားတော် ဦးလှငွေ-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)၊သီရိသုဓမ္မမဏိဇောတရေ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ရခိုင်ကြီးဆေးတိုက်မိသားစု၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)၊ ဦးလှမြင့် (ကေသီပန်ဆေးတိုက်)နှင့် အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ တိုင်းရင်းဆေးမျိုးစုံနှင့် ငါးခြောက်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများပေးအပ်

ထို့နောက် ဆွမ်းပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ်သုံးသောင်း၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်ငါးသောင်းစီ၊ မက်စ် မြန်မာကုမ္ပဏီက ငွေကျပ်၁၀ သိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးတင့်ဆန်း-ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်း မိသားစု (ACE ကုမ္ပဏီ)က ငွေကျပ်၁၀သိန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်သုံးသောင်းစီ၊ ထူးကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်ငါး သိန်း၊ WEG ကုမ္ပဏီမိသားစုက ငွေကျပ် ငါးသိန်း၊ ယူနီဗာဆယ်ကုမ္ပဏီ မိသားစုက ငွေကျပ်ငါးသိန်း၊ နောင်တုံ ကုမ္ပဏီမိသားစုက ငွေကျပ်ငါးသိန်း၊ IGE ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း၂၀၊ ရွှေသံလွင်ကုမ္ပဏီမိသားစုက ငွေကျပ်ငါးသိန်း၊ ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်က ငွေကျပ်လေးသိန်း၊ ထက်လင်းဆေးတိုက်က ငွေ ကျပ်၃၆၀၀၀၀၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၃၀၃၀၀၀၊ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းက ငွေကျပ်သုံးသိန်း၊ Asia World Co., ကငွေကျပ် သုံးသိန်း၊ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ချမ်းမြေ့စတိုး ဦးသန်းမောင်-ဒေါ်ငွေကြည် ရန်ကုန်မြို့က ငွေကျပ်၁၂၆၀၀၀၊ ဦးနိုင် ဝင်း-ဒေါ်ခင်မိုးဆွေ (ရွှေရည်ဝင်းကုမ္ပဏီ)က ငွေကျပ်တစ်သိန်း၊ ဦးသန်း နိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်) မိသားစုက ငွေကျပ်ငါးသောင်း၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း ခေတ္တညွှန်ကြားရေးမှူးချုပ် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ရွှေတောင်ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ထွန်းရွှေဝါဆေးတိုက်က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်မိသားစု(Sun မြန်မာကုမ္ပဏီလီမိတက်) က ငွေကျပ်တစ်သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ KAF ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ သိန်းဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ မှန်ချိုဆေးတိုက်က ငွေကျပ် ၁၀၁၀၀၀၊ ကေသီပန်ဆေးတိုက်က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းက ငွေကျပ်တစ်သိန်း၊ ကပ်ပါး ကုမ္ပဏီကငွေကျပ်တစ်သိန်း၊ MWEPကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း၊ ဦးဝင်းနိုင်-ဒေါ်လဲ့လဲ့မေ မိသားစု(ရိုးမရတနာတည်းခိုခန်း)က ငွေကျပ် ၅၇၀၀၀၊ ဦးကျော်သန်း-ဒေါ်တိုးတိုးမာ (ဆွေသဟာတည်းခိုခန်း)က ငွေကျပ်ငါးသောင်း၊ ဦးကျော်တင့်-ဒေါ်နီနီဝင်း (ဖြိုးဖြိုးကြွယ်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)ကငွေကျပ် ငါးသောင်း၊ ထူး-၃ ရောင်းဝယ်ရေးက ငွေကျပ်သုံးသောင်း၊ ဂွတ်ဒ်ဘရားသားကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသောင်း၊ Super Tech Co., က ငွေကျပ်တစ်သိန်း၊ ဦးသိန်းထိုက်-ဒေါ်စန်းစန်းညွန့်၊ ဦးကျော်ယု-ဒေါ်မြင့်မြင့် (စိန်ရွှေရတနာရောင်းဝယ်ရေး)၊ ဦးလှဝင်း-ဒေါ်တင်တင်ဝင်း (စိန်ရွှေရတနာရောင်းဝယ်ရေး)၊ ဦးဌေးဝင်း (စူပါကော်ဖီမစ်)နှင့် ဦးကျော်လွင်-ဒေါ်ရင်ရင်နွယ် (လက်ဖက်ရွက်)မိသားစုတို့က ငွေကျပ်သုံးသောင်းစီ၊ Asia Hi-Tech Group က ငွေကျပ်သုံးသိန်း၊ နန်းအိမ်သူ ဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်းတို့ကို တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို လျှောက်ထားသည်။

လှူဒါန်းမှုအစုစု

ဆက်လက်၍ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မြို့ဦးဓမ္မာရုံ ဓမ္မစကြာအသင်းမှ အသင်းဝင်များက အရပ်၁၀မျက်နှာ မေတ္တာပို့ကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် သုံးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ က ဆွမ်း ဆန် တော် နှင့် ဆွမ်း ပ ဒေ သာ ပင် များ လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပျဉ်းမနား မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် သုံးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်များကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ် ချုပ်ဉာဏ်ထွန်းနှင့် ဗိုလ်မှူးကြီး ချန်မောင်(လေ)တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

အမည်မှန်

အဖဦးသောင်းလှိုင်၏သမီးဖြစ်သူ သံဖြူဇရပ်မြို့ မူလွန်အံခဲမှ မူလတန်းပြဆရာမ ကျွန်မ ဒေါ်စိုးစိုးအေး၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၁၀/သဖရ(နိုင်)၀၆၈၂၂ အရ ဒေါ်စိုးမိုးအေး သာဖြစ်ပါကြောင်း။ **ဒေါ်စိုးမိုးအေး။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၉၂၆၀ လက်ဝယ်ရှိသူက (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ဆက်သွယ်နိုင်ပါကြောင်း။ **ကညန၊ပြည်နယ်ရုံး(လားရှိုး)။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၄၆၀၇ TW Wagon/S/W(4x4)ယာဉ်လက်ဝယ်ရှိသူအမည်ဒေါ်တင်ဝင်း ၁၀/မလမ(နိုင်) ၈၃၂၆၂၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြို့။**



ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)မိသားစု ရုပ်မြင်သံကြားဖမ်းစက် စုပေါင်းလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (လားရှိုး)မှ စာတည်း ဦးဇော်လွင်နှင့် ဝန်ထမ်းများ စုပေါင်းလှူဒါန်းငွေဖြင့် လားရှိုးမြို့နယ် မန်းပွဲကျေးရွာ အေးရိပ်သာ ကျောင်းတိုက်သို့ ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို ဇူလိုင် ၁၁ ရက် နံနက်က သွားရောက်လှူဒါန်းရာ ဆရာတော် အရှင်ဒေဝိန္ဒက လက်ခံရယူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်တော်မူကြောင်း သိရသည်။

(က-ပ)

ယနေ့ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၅၉ အိတ်၊ ဆီ ၈၅ ပိဿာ၊ ပဲပိဿာ ၇၀၊ အိုင်အိုဒင်း ဆား ၃၄၉ ပိဿာ၊ သွားတိုက်ဆားဘူး ၇၀၊ တိုင်းရင်းဆေးမျိုးစုံ ၅၇၈၆ ဘူးနှင့် ဆေးထုပ် ၃၂၀၀၊ ဆပ်ပြာ ၆၉၈ ခဲ၊ ငါးခြောက် ၁၇၄ ပိဿာ ၅၀ကျပ်သားနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၇၇၇၀၀၀ တို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)



မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုလျက်
တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ သန့်ရှင်းရေးဆောင်ရွက်

မြိတ် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇွန်၂၄ရက် နံနက် ၇နာရီက မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးနှင့် မြို့နယ်အထွေထွေ ရောဂါကုဆေးရုံတို့တွင် ကျင်းပသည်။

စုပေါင်းဆောင်ရွက်

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌွေး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ အရာရှိ စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်မှပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

(ယာပုံ)(ခရိုင် ပြန်/ဆက်)

မွန် ပြည် နယ် စည် ပင် သာ ယာ ရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇူလိုင် ၁ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့အဝင်ဆိုင်းဘုတ် မြေယာ ရှုခင်းအလှဆောင်ရွက်မှုကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

အလှူရှင်စက်ရေတွင်းဖွင့်

စလင်း ဇူလိုင် ၅

စလင်းမြို့နယ် အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၀ ရက်က တဲကုန်းကျေးရွာတွင် ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်၊ စက်ရေတွင်း အလှူရှင် ဦးစိန်အောင်မင်း(မဂ်လာဒုံ)နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အလှူရှင်စက်ရေတွင်းမှာ နှစ်လက်မဖြစ်ပြီး တစ်နာရီရေဂါလန် ၁၀၀၀ကျော်ထွက်ရှိသဖြင့် ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင် ဇူလိုင် ၁ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် အီတာလျှာကျေးရွာသွားလမ်း ကျောက်ချောခင်းလမ်းပိုင်းကို စစ်ဆေးတိုင်းတာ၍ လမ်းဆောင်ရွက်မည့် လိုအပ်ချက်များ မှာကြားစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၉)ရက်
၁၈-၇-၂၀၀၆(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (Golden Hope ခရီးသွားလုပ်ငန်း အကြောင်း)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (မဲဇာတောင်ခြေရတုနှင့်ပတ်ပျိုး) (တက္ကသိုလ်ညိုသန့်)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (လူမှုဆက်ဆံရေးလိုအင်များနှင့် လုပ်ငန်းအောင်မြင်မှု- သမီးရန်နိုင်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (အမြင့်သဘင်-သာရဝေါစိုးကြည်)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဥ္စမတန်းပထဝီဝင်-ကျောက် အမျိုးအစားနှင့် တွင်းထွက်များ)

ညနေပိုင်း

- ၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) မေတ္တာတေးသံ (၂) အတ္တအကျဉ်းသား (၃) ဆုပန်လွှာ
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၈း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှု- ဥာဏ်ဟိန်းထက်-ဆေး)
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အတူတူပွား၍ စားကြမှာ)
- ၁၉း၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ခွေးတောက်နွယ်ပင်)
- ၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ် (သစ်ပင်စိုက်ကြဇူလိုင်လ)
- ၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ပန်းစိုက်သမား (၂) ချစ်ရေးချစ်ရာ (၃) အိပ်မက်လှလှမက်ပါစေ

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးဟောပြော
ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာပညာပေး

ပျဉ်းမနား ဇူလိုင် ၅

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ဗဟို)က ကြီးမှူး၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့်ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန်၂၁ရက် နံနက် ၉နာရီက ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံ ပညာ အထက် တန်းကျောင်း ရတနာမွန် ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယ ရဲမှူးကြီး အောင်နိုင်၊ ဒုတိယရဲမှူး မြရွှေ၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊အမှတ်(၁) အထကနှင့်အမှတ်(၃) အထကတို့မှ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က အမှာစကား ပြောကြားပြီး ဒုတိယရဲမှူးမြရွှေကမူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးအကြောင်း ဟောပြောသည်။

ထို့နောက် ဒုတိယရဲမှူးကြီး အောင်နိုင်က နေပြည်တော်တွင် ယာဉ်အသွားအလာများ ပြားလာသောကြောင့် ယာဉ်စည်းကမ်းများနှင့် လမ်းစည်းကမ်းများ လိုက်နာရေးတို့ကို ဟောပြောသည်။ (၀၉၉)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင်၁၂ရက်က မြို့ဝင်ဆိုင်းဘုတ်(မန္တလေးဘက်ရှိ)လမ်းဘေးဝဲယာတွင် ပန်းအိုးနှင့် ခရာဝါပင်များ မြေချစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း
အခြေခံပညာကျောင်းများသို့ စာအုပ်လှူဒါန်း

ကျောက်ပန်းတောင်း ဇွန် ၃၀

ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဦးဆောင်၍ အခြေခံပညာ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ထောက်ပံ့ ပေးအပ်ပွဲကို ဇွန်၁၅ရက် နံနက်က ဘူတာရပ်ကွက် အခြေခံ ပညာမူလတန်းကျောင်းနှင့် အောင်မင်္ဂလာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတို့တွင် ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက စာအုပ်များလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းဟောပြောပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ရပ်ကွက်ဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းသည်။

ကျောက်ပန်းတောင်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက မြို့နယ်အတွင်းရှိ အခြေခံ ပညာမူလတန်းကျောင်း၂၃ကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်း စုစုပေါင်း ၂၅ကျောင်းတွင် ဗလာစာအုပ် ဒါဇင်ပေါင်း၁၀၀၀ လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ကျိုက္ခမီမြို့ ဗိုလ်ချုပ်လမ်း စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကို ဇွန် ၁၇ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မြင်းခြံရတနာ(၁၆)စာကြည့်တိုက်သို့ ရုပ်မြင်သံကြားစက်နှင့်စာအုပ်များလှူဒါန်း

မြင်းခြံ ဇူလိုင် ၁၀

မြင်းခြံမြို့နယ် ဆင်ချောင်းကျေးရွာ ရတနာ(၁၆)စာကြည့်တိုက်သို့ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ၁၂ဗို့ဘက်ထရီအိုးတစ်လုံး၊ ဗီစီဒီပြစက်တစ်လုံးနှင့် စာအုပ်၊စာစောင်မျိုးစုံလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမဏ္ဍပ်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်က စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးကို ရှင်းလင်းပြောကြားပြီး အလှူရှင် ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူး ဦးထွဏ်းမြင့်က ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် သုတ၊ ရသ စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် မြင်းခြံခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးထွဏ်းမြင့်နှင့် ဒေါ်သန်းကြည် မိသားစုက ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ၁၂ဗို့ဘက်ထရီအိုးတစ်လုံးနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးပြေအေးကလည်းကောင်း**(အပေါ်ပုံ)**၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးမြင့်လွင်၊ဒေါ်ခင်အုန်းသီမိသားစုက ဗီစီဒီပြစက်တစ်လုံးနှင့် သုတ၊ရသစာအုပ်များကိုလည်းကောင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဘိုလှရီက သုတ၊ ရသစာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ သိမ်ဓမ္မာရုံနှင့် မုခ်ဦးတံတိုင်းဆောက်လုပ်ရန်အတွက် မိခင် ကျောင်းအမကြီး ဒေါ်လှခင်စောအားအမှူးထား၍ ရဟန်းဒါယကာ ဗိုလ်မှူးကျော်ဝင်း-ရဟန်းအမ ဒေါ်ခင်ဝင်းကြည်၊ သမီး မဆုရတနာ၊ မအေးငြိမ်းမိုး၊ ရွှေရည်ဝင်း ရွှေဆိုင်၊သန္တာရွှေဆိုင် မင်္ဂလာဒုံဈေးမိသားစုက အလှူတော်ငွေကျပ်ခြောက်သိန်းကို မြတ်သန္တာ မဟာစည်ရိပ်သာ ဆရာတော် အရှင်သီရိန္ဒ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကိုးဘွဲ့ရဆရာတော် တရားဓမ္မသဘင်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ဇူလိုင် ၁၈ ရက်တွင် ရွှေဘို ရွှေတန်ဆာဘုရား ညနေပွဲနှင့်ညပွဲ နှစ်ပွဲ၊ ၁၉ ရက်တွင် မန္တလေးမြို့ ၁၆ လမ်း x ၈၉ လမ်းထောင့်ရှိ သာသနာ့ဟိတကာရီ ဆွမ်းလောင်းအသင်းပွဲ၊ ၂၃ ရက်တွင် ရွှေဘို စေတီတော်ရိပ်သာနေ့ပွဲနှင့် ပွင့်လန်းဓမ္မာရုံ ညပွဲ ၊ ၂၄ ရက်တွင် မန္တလေးမြို့ ကြံခင်းဓမ္မာရုံ၊ ဩဂုတ် ၁ရက် မွန်းလွဲ ၁ နာရီတွင် ရွှေဘိုဆုတောင်းပြည့်ဘုရား၊ ညနေ ၃ နာရီတွင် ရွှေဘိုမြို့ထောင့် စေတီတော်ရင်ပြင်၊ ည ၈ နာရီတွင် ရွှေဘို နေရဗန်ဘုရား၊ ၃ ရက်တွင် ကူမဲမြို့ အောင်မင်္ဂလာဇာတ်ရုံ မလွန်ဆန်လှူပွဲ၊၈ရက်တွင် ရွှေဘို ရွှေတန်ဆာဘုရား ညနေပွဲနှင့် ညပွဲနှစ်ပွဲ ၊ ၁၆ ရက်တွင် မွန်းလွဲ၂ နာရီ၊ရွှေဘို နေရဗန်ဘုရား၊ ည ၈ နာရီ ရွှေဘို ရွှေတန်ဆာဘုရား၊ ၁၈ ရက်တွင် စစ်ကိုင်းဆင်ပြေရှာ မိုးကြိုးကျောင်း ဆရာတော် မွေးနေ့ပွဲ၊ ၁၉ ရက်တွင် စစ်ကိုင်းမြို့ နန္ဒာဝန်ကွက်သစ်ရပ် သန္တိသုခဓမ္မာရုံ တရားပွဲ၊၂၀ရက်တွင်မြင်းမူမြို့တရားပွဲ၊ ၂၂ရက်တွင်မွန်းလွဲ၂နာရီ ရွှေဘိုပွင့်လန်းဓမ္မာရုံ၊ည ၈ နာရီ ရွှေတန်ဆာဘုရားတို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၁၄ ရက်က တိုက်ကြီးမြို့နယ် ဖူးကြီး ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်ထံ ကမာရွတ်မြို့နယ်နေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုကပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း) ပညာရေးရန်ပုံငွေ ကျပ်တစ်သိန်းနှင့် သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများ ဆွမ်းဆက်ကပ်ရန် ငွေပဒေသာပင် ကျပ်တစ်သိန်း စုစုပေါင်း နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ် ။ (မြန်မာ့အလင်း)

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

ဇူလိုင် ၁၀ ရက်က ရန်ကင်းမြို့နယ် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တွင် ယခုနှစ်ဝါဆိုတော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးရှိသော စာချစာသင်အရှင်မြတ် ၃၀၆ ပါးတို့အား တပည့်ဒါယကာ ဒါယိကာမတို့က စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပစဉ်။ (က-ပ)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A)သည် ဝါကပ်တော်မူလျက် ဆောက်လုပ်လျက်ရှိသော နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းများ လိုအပ်လျက်ရှိရာ ဦးဌေးမြင့်-ဒေါ်ခင်မာရီ၊ သမီး ခင်မိမိဝင်း ဥတ္တရမင်္ဂလာခန်းမ မြောက်ဥက္ကလာပက ငွေကျပ် တစ်သိန်း၊ ဦးဆန်းဝင်း-ဒေါက်တာ လီလီဝင်း ဥတ္တရမင်္ဂလာခန်းမ မြောက်ဥက္ကလာပက ငွေကျပ်ငါးသောင်း၊ ဦးခိုင်ဝင်း-ဒေါ်ခင်မိုးမြင့်၊ သား ဆက်ပိုင်မှူး အုတ်ပုံဆိပ်လမ်း (၂)ရပ်ကွက် မြောက်ဥက္ကလာပက ငွေကျပ်ငါးသောင်း၊ ဦးဌေးမောင်အားရည်စူး၍ ဒေါ်နှင်းအေး မိသားစု သုခမ္မာ၅ လမ်း မြောက်ဥက္ကလာပက ငွေကျပ်ငါးသောင်း၊ နှစ်ဖက်မိဘများအားရည်စူး၍ ဒေါ်အေးရွှေနှင့် မောင်နမတစ်စု ဗိုလ်မိုးလမ်း မြေနီကုန်း ရန်ကုန်က ငွေကျပ်ငါးသောင်း၊နှစ်ဖက်သော အဘိုး အဘွားများ ရည်စူး၍ ဦးမြတ်သာ-ဒေါ်ရီရီအား အမှူးထား၍ သမီး မခိုင်ကြည်ဝင်း ၁၈၄ ပထမထပ် ၄၉ လမ်း ပုဇွန်တောင်က ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုပါက ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀-၄၅၅၂၊ ဦးဌေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃ နှင့် ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြောက်ဥက္ကလာပမြို့နယ်(က) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး၌ဆယ်အိမ်စုမှူးများ အကောင်အထည်ဖော်ရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဆောင်း အမှာစကားပြောကြားစဉ်။(က-ပ)

မြဝတီမြို့နယ် မြို့ဝင်လမ်း ဘေးဝဲယာ ပန်းအလှပင် စိုက်ပျိုးထားရှိမှုကို ဇွန်၂၀ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းပြသစဉ်။(မြို့နယ်စည်ပင်)

စာကြည့်တိုက်မှူးများ အရည်အချင်းမြှင့်သင်တန်းဖွင့်

ငပုတော ဇူလိုင် ၅

ငပုတောမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ အရည်အချင်းမြှင့် သင်တန်း(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးညှိနှိုင်းစည်းဝေး မိုင်းဖြတ်၌စီမံကိန်းတာဝန်ပေးအပ်

မိုင်းဖြတ် ဇူလိုင် ၈

မိုင်းဖြတ်ခရိုင်အဆင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက်က ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး**(ဓါပုံ)** မိုင်းဖြတ်မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မိုင်းယောင်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်ဘုန်းတို့က လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်မြင့်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် ခရိုင်စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခင်တို့က ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းလျာထားချက်များအပေါ် ရှင်းလင်းဆွေးနွေးကြသည်။

တာဝန်ပေးအပ်

ထို့နောက် မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်က မြို့နယ်များသို့ စီမံကိန်းတာဝန်များပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့ အမှတ်(၂)ဈေးနှင့် ကမ်းနားလမ်းဈေးများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဇွန် ၂၅ ရက်က ဒုတိယဦးစီးမှူးဈေးနှင့် ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဆိုင်ခန်းရှင်များစုပေါင်း၍ ခြင်ဆေးဖျန်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်၊ နုန်းမြေများ ရှင်းလင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ဦးစီးအရာရှိ ဦးခင်အောင်နီတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တိုက်(၉) ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း ဗဟန်းမြို့နယ်နေ ဒေါက်တာဦးမျိုးဝင်း၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး၊ငွေပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၆

ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်သုံးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

ကြည်ညို

အခမ်းအနားသို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၊ ဘုံမြင့်ကျောင်းနှင့် မင်္ဂလာဇေယျံ ပါဠိတက္ကသိုလ်တို့မှ ဦးစီးပဓာနနာယက ဆရာတော်များနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ●

စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိနိုင်

ရန်ကုန် ဇူလိုင် ၁၆

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေး ဥယျာဉ်ပတ်ဝန်းကျင်ဖြစ်လာရန် သစ်ပင်ပန်းမန်များ စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံတစ်နိုင်ငံကို လူနေမှုဘဝ အဆင့်အတန်းသတ်မှတ်ရာတွင်လည်းကောင်း၊ ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ရာတွင်လည်းကောင်း သာယာကြည်နူးဖွယ်ရာကောင်းသည့် သဘာဝ ပတ်ဝန်းကျင်များ ဖန်တီးထားမှုနှင့် ကျန်းမာသန့်ရှင်းသော လူ့ဘောင် တစ်ရပ်တည်ထောင်ခြင်းတို့သည် အဓိကအရေးကြီးသော အချက်များ ပင်ဖြစ်သည်။

ပြောင်းလဲတိုးတက်

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ ပန်းမန်များစိုက်ပျိုးခြင်း၊ မြေယာရှုခင်းများ ဖန်တီး တည်ဆောက်ထားခြင်းတို့သည် လူနေမှုဘဝ အဆင့်အတန်း ပြောင်းလဲ တိုးတက်လာသည့် ပြယုဂ်ပင်ဖြစ်သည်။

ရေစီးရေလာ

ထို့အပြင် ကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင်အဖြစ် ဖန်တီးဆောင်ရွက်ရာတွင် မြို့ရွာများ ရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများကို

စာမျက်နှာ ၅ ကော်လံ ၁ ❐

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာပြီ

ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်မှ ပြန်လည်ဆင်းသက်လာ နေပြီဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက် တနင်္လာနေ့တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဂျာမန်အာကာသယာဉ်မှူး သောမတ်ရီတာသည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လတာ နေထိုင်ရန် ကျန်ရှိနေခဲ့ပြီး အာကာသယာဉ်မှူး ခြောက်ဦး ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

(အင်တာနက် သတင်းနှင့် ဓာတ်ပုံ စာ–၅)



ကမ္ဘာမြေကို နောက်ခံပြုလျက် နိုင်ငံတကာ အာကာသစခန်းယာဉ်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ– အင်တာနက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက ရပ်ကွက်အလိုက် ပလတ်စတစ်အမှိုက်ပုံးများ ဤသို့ထောက်ပံ့ပေး အပ်ခဲ့သည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း ဂရင်းမီးရထား ဟိုတယ်ပထမထပ်၌ ခင်းကျင်းပြသထားသော ပန်းချီပြပွဲတွင် မင်ခြစ်လက်ရာဖြင့် ညက်ညက်ညောညော တင်ပြခြယ်မှုန်းထားသည့် “ပဒေါင်အမျိုးသမီးကြီး” အမည်ရှိ ပန်းချီလှမြင့်ဆွေ၏ ပန်းချီကားမှာလည်း ဤသို့ တစ်မျိုးတစ်ဘာသာဆန်းသစ်လှသည်။

(မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ–၆)

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရှမ်းပြည်တပ်မတော်မှ တပ်မဟာ(၇၅၈) တပ်မဟာမှူး မိန်းစင်ဦးစီး အင်အား ၈၄၈ ဦး ဥပဒေဘောင်အတွင်းဝင်ရောက်သည့်အခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆) ယနေ့ည ၈ နာရီသတင်းတွင် ထုတ်လွှင့်မည်

ရန်ကုန် ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး မိန်းစင်ဦးစီး အင်အား (၈၄၈)ဦးတို့ ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် အခမ်းအနားနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၆)တို့ကို ဇူလိုင် ၁၇ ရက်(ယနေ့) **ည ၈နာရီတွင် မြန်မာ့ရုပ်မြင်သံကြားသတင်း၌ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် သုံးဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကညင်ကွင်း ကျေးရွာမှ ဦးဒုကြီး၊ ဦးစိုးဝင်းနှင့် ဦးခင်မောင်သိန်းတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ကြောင်း ဇူလိုင် ၂ ရက်က ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ် ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသ အာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ■